# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် ၂၀၂၁ ခုနှစ်၊ မေ ၂၂ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၂၃၀)


# လာမည့်ရွေးကောက်ပွဲကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ အပိုဒ် (၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်အောင် အကောင်းဆုံးဆောင်ရွက်သွားမည်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ ၅၉ ပါတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ ပထမအကြိမ်တွေ့ဆုံစဉ်က ဆွေးနွေးခဲ့ကြသည့် ဥပဒေပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲပေးခြင်း ဥပဒေ၊ နည်းဥပဒေများကိုပြင်ဆင်ရန်ဆောင်ရွက်လျက်ရှိပြီး မဲစာရင်းကောက်ယူရာတွင် လဝက၏ အသက် (၁၈) နှစ်ပြည့်ပြီး မဲပေးခွင့်ရှိသူ မှတ်ပုံတင်ကိုင်ဆောင်ထားသူများကို ပုံစံ ၆၆ လူဦးရေစာရင်းမှ ရယူပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုက်ဆိုင်စစ်ဆေးကာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ယူစာရင်းထည့်သွင်းကောက်ယူသွားရန် စီစဉ်ထားပါကြောင်း၊


*စာမျက်နှာ ၄ ကော်လံ ၁* ❖


## အနှောင်းသေချာဖို့ အစကောင်းရန် လိုပါသည်


*ဆောင်းပါး စာမျက်နှာ - ၆*


## ဆေးလိပ်၊ ကွမ်းယာဖြတ်ကြဖို့ ကတိပြုကြစို့


*ဆောင်းပါး စာမျက်နှာ - ၁၀*


## နှစ်ဖက်သဘောတူမှုဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့ အပစ်အခတ်ရပ်စဲမှုစတင်


*နိုင်ငံတကာသတင်း စာမျက်နှာ - ၁၂*





မြန်မာ့အလင်း

# သမိုင်းတွင် မော်ကွန်းတင်နိုင်မည်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်စဉ်များပေါ်ပေါက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ မဲစာရင်းများ စစ်ဆေးခြင်းလုပ်ငန်းမှာ ပြီးစီးလုနီးပြီဖြစ်သည်။ စစ်ဆေးပြီးစီးသည့် မြို့နယ်များတွင် စစ်ဆေးတွေ့ရှိချက်များအရ ရွေးကောက်ပွဲတွင် တစ်ဖက်သတ်အောင်နိုင်ရေးအတွက် ဥပဒေနှင့်မညီသည့် ဆောင်ရွက်မှုများကို ထိုစဉ်က အာဏာရပါတီဖြစ်သည့် အင်န်အယ်လ်ဒီ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများနှင့် ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ လက်ဝါးရိုက်ဆောင်ရွက်ခဲ့ကြသည့် သက်သေအထောက်အထားများ ပေါ်ထွက်လာသည်။ ယင်းအထောက်အထားများအရ ရွေးကောက်ပွဲဆိုင်ရာ မသမာမှုဖြစ်စဉ်များသည် မဲစာရင်းများကောက်ယူရန် ပြင်ဆင်ရသည့် ရွေးကောက်ပွဲအကြိုကာလကပင် အစီအစဉ်ရှိရှိ စတင်ခဲ့ခြင်းဖြစ်သည်ကိုလည်း တွေ့ရှိရသည်။ ဆက်လက်၍လည်း ရွေးကောက်ပွဲကာလ မဲပေးခြင်းနှင့် ရွေးကောက်ပွဲအပြီး မဲရေတွက်ခြင်းတို့တွင်လည်း ဥပဒေနှင့်မညီညွတ်မှု၊ ဥပဒေကို ကျော်လွန်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်တို့ ပေါ်ပေါက်လာသည်။

ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် အင်န်အယ်လ်ဒီအမာခံများကို ထည့်သွင်းဖွဲ့စည်းခဲ့ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်များတွင်လည်း အင်န်အယ်ဒီပါတီအမာခံများကို ထည့်သွင်း၍ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း၊ အင်န်အယ်လ်ဒီအမာခံ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပါတီအောင်နိုင်ရေးအဖွဲ့များ ပူးပေါင်း၍ မဲစာရင်းကောက်ယူခြင်း၊ ကြိုတင်ဆန္ဒမဲကောက်ယူရာတွင်လည်း အချို့နေရာများတွင် အင်န်အယ်လ်ဒီပါတီအောင်နိုင်ရေးအဖွဲ့များပါလိုက်ပါ၍ ဆန္ဒမဲကောက်ယူခြင်းတို့ အပါအဝင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်မှု၊ ဖောက်ဖျက်မှုတို့က ရသင့်ရထိုက်သည်ထက် ကျော်လွန်ကာ မိမိတို့က လွဲ၍ မည်သူ့ကိုမျှ အနည်းငယ်ပင်ဖြစ်စေ မရစေလိုသည့် လောဘဇောတ၊ အဓမ္မသဘောတို့ကို ပြဆိုနေသည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် နောင်အနာဂတ်တွင် ဆက်လက်ကျင်းပသွားရမည်ဖြစ်သည့် ရွေးကောက်ပွဲများတွင် ယခုကဲ့သို့ မသမာမှုဖြစ်စဉ်များ၊ အားနည်းချက်များ မဖြစ်ပေါ်စေရေး၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပပြီး ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ကို ထင်ဟပ်နိုင်သည့် ရွေးချယ်တင်မြှောက်မှုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်စေရေးတို့အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို လိုအပ်သည့် နေရာများတွင် ပြင်ဆင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ နောက်ကွယ်တွင် ပြည်ပစွက်ဖက်ပတ်သက်မှုတို့ ရှိခဲ့ကြောင်း သက်သေမကင်းဖွယ်ရာတို့ကို ဝေဖန်ထောက်ပြမှုများလည်းရှိခဲ့ရာ စုံစမ်းစစ်ဆေးမှုများပြီးမြောက်ပါက ထွက်ပေါ်လာမည်ဟု ယူဆရသည်။ ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီပါတီ၏ အနိုင်ရလဒ်အတွက် လက်ခံမှုများရှိသည့်တိုင် ဥပဒေကျူးလွန်မှု၊ ချိုးဖောက်မှုများရှိခဲ့သည်ကိုလည်း အရပ်ဘက်စောင့်ကြည့်အဖွဲ့အစည်းအချို့က ရွေးကောက်ပွဲကျင်းပပြီးစအချိန်ကပင် ထောက်ပြခဲ့ရာ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်တွင် စစ်ဆေးတွေ့ရှိမှုများက စောင့်ကြည့်အဖွဲ့အစည်းများ သာမန်အားဖြင့် မမြင်မတွေ့နိုင်သည့် အချက်အလက်များကိုပါ သက်သေအထောက်အထား ခိုင်ခိုင်မာမာဖြင့် ဖော်ထုတ်ကာ သတင်းထုတ်ပြန်မှုများကိုလည်း စာရင်းဇယား၊ စာရွက်စာတမ်း၊ မိတ္တူ၊ ဓာတ်ပုံများနှင့်တကွ နိုင်ငံပိုင်မီဒီယာများတွင် တင်ပြလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီပေါင်း ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ယင်းပါတီများအားလုံးမှာ တစ်ပြေးညီ တရားမျှတစွာ ယှဉ်ပြိုင်ခဲ့ရခြင်းမဟုတ်ဘဲ အာဏာရပါတီ၏ တင်ကြိုဖန်တီးထားသည့် အခြေအနေတစ်ရပ်အတွင်း ယှဉ်ပြိုင်ခဲ့ကြရခြင်းဖြစ်သည်။ ယင်းသို့သော အခြေအနေသည် ပါတီစုံဒီမိုကရေစီ၏ အနှစ်သာရကို ပျက်ပြားစေပြီး နိုင်ငံ့အာဏာကို ပါတီကြီးတစ်ခုတည်း၏ လက်ဝယ်သို့ စုပြုံရောက်ရှိသွားစေပြီး အနှစ်သာရအားဖြင့် တစ်ပါတီစနစ်သို့ ရောက်ရှိသွားစေကာ ရေရှည်တွင် အောက်ခြေအဆင့်ဆင့်အထိ အာဏာရှင်ဆန်သည့် အခြေအနေများ ပေါ်ပေါက်လာနိုင်သည်ကို နိုင်ငံတကာ အတွေ့အကြုံများတွင် လေ့လာကြည့်နိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ ဒီမိုကရေစီစနစ် မယိမ်းမယိုင် တည့်မတ်ခိုင်မာစေရေးဆောင်ရွက်မှုများသည် အနာဂတ် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် မော်ကွန်းတင်နိုင်မည်ပင် ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| (က) ဒေါက်တာ ဝင်းဝင်းသန်း<br>ဒုတိယပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာ သန်းသန်းဦး<br>ဒုတိယပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များ၏ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ မြို့နယ်အားကစားကွင်းအတွင်း တည်ဆောက်လျက်ရှိသော ပေ(၁၂၀x၉၀) မိုးလုံလေလုံ အားကစားရုံ တည်ဆောက်နေမှုကို လည်းကောင်း၊ ဘောလုံးကွင်းပွဲကြည့်စင် ပျက်စီးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ ပြန်လည်ပြုပြင်မွမ်းမံရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူခရိုင် အားကစားကွင်း ဘောလုံးပွဲကြည့်စင်နှင့် တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် ပေ (၄၀x၃၀) RC တစ်ထပ် တည်ဆောက်နေမှုကို လည်းကောင်း၊ အုတ်တွင်းမြို့နယ် အားကစားကွင်းအတွင်း တည်ဆောက်ပြီးစီးလျက်ရှိသော ပေ(၁၂၀x၉၀) မိုးလုံလေလုံ အားကစားရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ အင်းယားလမ်းရှိ လေ့လှော်အားကစားအဖွဲ့ချုပ်သို့ရောက်ရှိပြီး (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာလက်ရွေးစင် လှေလှော်အားကစားသမားများကို လည်းကောင်း၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးခန်းမရှိ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်၌ လေ့ကျင့်ပြင်ဆင်လျက်ရှိသော အားကစားသမားများကို လည်းကောင်း တွေ့ဆုံပြီး ပြိုင်ပွဲတွင် အောင်မြင်မှုရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။
နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။

# နိုင်ငံကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်

အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များနှင့် နိုင်ငံရေးဆိုင်ရာထိုးနှက်ချက်များကြောင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ပြီး CDM တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း သက်ဆိုင်ရာကျောင်းများသို့ ဆက်သွယ်သတင်းပို့စေလိုကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာ၊ ဆရာမများ လိုအပ်ချက်ရှိပါက ဖြည့်တင်းနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်ကြရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# (၁၈)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတံခွန်စိုက်ဒိုင်း (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၁**

(၁၈)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတံခွန်စိုက်ဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံတွင် ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။



ရှေးဦးစွာ အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းက အကျဉ်းဦးစီးဌာနအသင်းကို (၃) ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (က)အသင်းက မီးသတ်ဦးစီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ပင့်ထောင်ဆု၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ စပေးဘောဆုများကို တပ်ဖွဲ့/ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများကလည်းကောင်း၊ ဆယ်မဆုနှင့် အကောင်းဆုံးအားကစားသမားဆုများကိုပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီးက လည်းကောင်း၊ ဒုတိယဆုရရှိသော မီးသတ်ဦးစီးဌာန(အမျိုးသား)အသင်း၊ တတိယဆုရရှိသော အကျဉ်းဦးစီးဌာန (အမျိုးသား) အသင်းနှင့် တတိယဆုရရှိသော မီးသတ်ဦးစီးဌာန (အမျိုးသမီး) အသင်းတို့အား ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီးကလည်းကောင်း၊ ဒုတိယဆုရရှိသော အကျဉ်းဦးစီးဌာန (အမျိုးသမီး)အသင်းအား ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်(ရဲချုပ်)၏ဇနီးက လည်းကောင်း၊ ပထမတံခွန်စိုက်ဒိုင်းဆုရရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (အမျိုးသမီး) အသင်းအား ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်နီလာစိန်က လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဂုဏ်ပြုလက်ဆောင်များချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပထမတံခွန်စိုက်ဒိုင်းဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ (က) အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆု **(ဝဲပုံ)**၊ တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒိုင်ခုနစ်ဦးနှင့် ဘော်လီဘောကွင်းတာဝန်ခံတို့ကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

**သတင်းစဉ်**

# အခြေခံငါးမွေးမြူရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၁)ဆင်းပွဲ ကျင်းပ

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် အခြေခံငါးမွေးမြူရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၁) ဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၃) ဦးစိုင်းလိတ်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် အဖွဲ့ဝင် (၃) ဦးစိုင်းလိတ်နှင့် ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလွှမ်းမိုးဇော်တို့က သင်တန်းဆင်းလက်မှတ်များနှင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင်တန်းသူ/သင်တန်းသားများအား ဇာပြာလှောင်အိမ်များ ပေးအပ်သည်။ **(ယာပုံ)**

သင်တန်းဆင်းပွဲသို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၃)၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ရွှေငါးလုပ်ငန်းစခန်းမှ သင်တန်းနည်းပြဆရာ ဆရာမများ၊ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❖ *ရှေ့ဖုံးမှ*

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲများတွင် မဲစာရင်းကောက်ယူခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်များတွင် ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီကြစေလိုပါကြောင်း၊ အကြံဉာဏ်များလည်း ပေးကြစေလိုကြောင်း။

## ❑ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ ပထမဦးဆုံးလုပ်ငန်းစဉ်ဖြစ်သည့် မဲစာရင်းများစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိ၊ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်အနက် ၃၀၆ မြို့နယ်ကို စစ်ဆေးခဲ့ပြီး ကျန်ရှိနေသည့် ၉ မြို့နယ်ကိုလည်း ဆက်လက်စစ်ဆေးလျက်ရှိ

## ❑ မကြာမီ မဲစာရင်းစစ်ဆေးမှုများ ပြီးစီးသွားမည်ဖြစ်၊ စစ်ဆေးဆောင်ရွက်ပြီးသည့် မြို့နယ်များကိုလည်း နေ့စဉ်ထုတ် သတင်းစာများတွင် သတင်းထုတ်ပြန်ပေးလျက်ရှိ၊ မေ ၁၉ ရက်အထိ မြို့နယ် ၂၂၃ မြို့နယ်အတွက် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်

### သတင်းထုတ်ပြန်ပေးလျက်ရှိ

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ ပထမဦးဆုံးလုပ်ငန်းစဉ်ဖြစ်သည့် မဲစာရင်းများ စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်အနက် ၃၀၆ မြို့နယ်ကို စစ်ဆေးခဲ့ပြီး ကျန်ရှိနေသည့် ၉ မြို့နယ်ကိုလည်း ဆက်လက်စစ်ဆေးလျက်ရှိပါကြောင်း၊ မကြာမီ မဲစာရင်းစစ်ဆေးမှုများ ပြီးစီးသွားမည်ဖြစ်ပါကြောင်း၊ စစ်ဆေးဆောင်ရွက်ပြီးသည့် မြို့နယ်များကိုလည်း နေ့စဉ်ထုတ် သတင်းစာများတွင် သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မေ ၁၉ ရက်အထိ မြို့နယ် ၂၂၃ မြို့နယ်အတွက် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

### စစ်ဆေးတွေ့ရှိ

မဲစာရင်းများစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် လူဦးရေ ၆၁၃၇၀၄၇ ဦး မဲစာရင်းတွင်ပါဝင်ပြီး လဝက၏ ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင်ကတ် (နိုင်၊ ဧည့်၊ ပြု၊ အမတ) ကိုင်ဆောင်သူများမှာ ၃၉၇၉၆၉၅ ဦး ဖြစ်သဖြင့် ကွာခြားချက်အနေနှင့် ၂၁၅၇၃၅၂ ဦးရှိပြီး မဲပေးခဲ့သူအရေအတွက်မှာ စုစုပေါင်း ၄၁၈၈၂၄၉ ဦး ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူ အရေအတွက်မှာ ၇၄၇၁၃၈ ဦး၊ နိုင်ငံသားကတ် (၃) ကြိမ်ထပ်၊ (၂) ကြိမ်ထပ် ပါဝင်နေသူအရေအတွက်မှာ ၂၈၀၄၈၂ ဦးရှိပြီး မဲမသမာမှုဖြစ်နိုင်သည့် အရေအတွက်မှာ ၁၀၂၇၆၂၀ ဦးဖြစ်ကြောင်းကို စစ်ဆေးတွေ့ရှိရကြောင်း။

ကယားပြည်နယ်တွင် လူဦးရေ ၂၁၂၉၁၆ ဦး မဲစာရင်းတွင်ပါဝင်ပြီး လဝက၏ ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင်ကတ် (နိုင်၊ ဧည့်၊ ပြု၊ အမတ) ကိုင်ဆောင်သူများမှာ ၂၁၄၀၇၄ ဦး ဖြစ်ပါကြောင်း၊ မဲပေးခဲ့သူအရေအတွက်မှာ စုစုပေါင်း ၁၆၂၈၅၇ ဦး ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူအရေအတွက်မှာ ၅၅၅၂ ဦး ၊ နိုင်ငံသားကတ် (၃) ကြိမ်နှင့်အထက်ပါဝင်နေသူ ၉၃၀ ၊ (၂) ကြိမ်ထပ် ၁၆၆၈၀ ပါဝင်နေပြီး ရခိုင်ပြည်နယ်တွင် လူဦးရေ ၄၇၇၉၅၇ ဦး မဲစာရင်း၌ပါဝင်ပြီး လဝက၏ ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင်ကတ် (နိုင်၊ ဧည့်၊ ပြု၊ အမတ) ကိုင်ဆောင်သူအရေအတွက်မှာ ၆၃၀၀၅၂ ဦး ဖြစ်ပါကြောင်း၊ မဲပေးခဲ့သူအရေအတွက်မှာ စုစုပေါင်း ၃၂၉၂၆၄ ဦး ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူအရေအတွက်မှာ ၇၇၅၇၃ ဦး၊ နိုင်ငံသားကတ် (၃) ကြိမ်နှင့်အထက် ပါဝင်နေသူ ၄၁၀၁ ဦး၊ (၂) ကြိမ်ထပ် ပါဝင်နေသူ ၄၇၇၁၂ ဦးဖြစ်ပြီး မွန်ပြည်နယ်တွင် လူဦးရေ ၁၈၄၇၇၈၀ မဲစာရင်း၌ပါဝင်ပြီး လဝက၏ ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင်ကတ် (နိုင်၊ ဧည့်၊ ပြု၊ အမတ) ကိုင်ဆောင်သူ အရေအတွက်မှာ ၁၆၀၂၉၆၀ ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူအရေအတွက်မှာ ၃၀၅၉၈၇ ဦး၊ နိုင်ငံသားကတ် (၃)ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၃၀၀၂ ဦး၊ (၂) ကြိမ် ပါဝင်နေသူ ၁၇၄၂၆၈ ဦးဖြစ်ကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် အမည်စာရင်းများ အစုလိုက်အပြုံလိုက်ပါဝင်နေခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်းနှစ်ကြိမ်၊ သုံးကြိမ်ထပ်၍ပါဝင်နေခြင်းတို့ကို တွေ့ရှိရပါကြောင်း၊ ယင်းမှာ မဲစာရင်းများပြုစုရာ၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ကောက်ယူထားသည့် စာရင်းကို မြို့နယ်ကော်မရှင်က မဲစာရင်းထည့်သွင်းဆောင်ရွက်ကြရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပါတီအောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြပြီး ကောက်ယူရာတွင်လည်း ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/မရှိ၊ မဲပေးခွင့်ရှိသူ ဟုတ်/မဟုတ် စသည်ဖြင့် စိစစ်ခြင်းမရှိခဲ့သည့်အတွက် ယခုလိုမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် ရွေးကောက်ပွဲမတိုင်မီ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၉ ရက်မှစ၍ ဆောင်ရွက်နိုင်ကြောင်း ကြေညာချက်ထုတ်ပြန် ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများကောက်ခံရာ၌ အချို့နေရာများတွင် NLD ပါတီအောင်နိုင်ရေးအဖွဲ့များ လိုက်ပါ၍ နေအိမ်များသို့ သွားရောက်ဆန္ဒမဲကောက်ခံခဲ့ကြပါကြောင်း။

### ဥပဒေကို ကျော်လွန်ဖောက်ဖျက်

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိဒေသသို့ မပြန်နိုင်သူများကို ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၈ ရက်တွင် ကြေညာချက်ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းညွှန်ကြားချက်ကြောင့် မဲစာရင်းထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးစေခဲ့ခြင်းကိုလည်း စိစစ်တွေ့ရှိရကြောင်း၊ မဲပေးရာတွင်လည်း နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ရရှိခဲ့ပြီး မဲရေတွက်ရာတွင်လည်း ကော်မရှင်တံဆိပ်မပါသည့် အမှန်ခြစ်တံဆိပ်တုံးရိုက်နှိပ်ထားသော မဲလက်မှတ်များ၊ အမှန်ခြစ် ခြစ်ထားသော မဲလက်မှတ်များ၊ ကြိုတင်ဆန္ဒမဲအိတ်များ ပေါက်ပြဲသဖြင့် ပယ်မဲဖြစ်ရမည့် မဲလက်မှတ်များကိုပါ ထည့်သွင်းရေတွက်နိုင်ကြောင်းနှင့် ခိုင်လုံမဲအဖြစ်သတ်မှတ်နိုင်ကြောင်း ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါဆောင်ရွက်မှုများသည် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှုမရှိဘဲ ဥပဒေကိုကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း ခိုင်မာသည့် သက်သေအထောက်အထားများနှင့်တကွ စစ်ဆေးတွေ့ရှိခဲ့ကြောင်း။

### မဲမသမာမှုဖြစ်စဉ်များ

အောက်ခြေ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံများ၌ ယခုကဲ့သို့ မဲမသမာမှုဖြစ်စဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလလောက်တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် NLD အမာခံများကို ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ကော်မရှင်များဖွဲ့စည်းရာတွင် ဝန်ကြီးချုပ်များထံမှ အမည်စာရင်းများတောင်းခံ၍ NLD ပါတီမှ အမာခံများကိုထည့်သွင်းကာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ဖွဲ့စည်းပြီးဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲများတွင်လည်း ပါတီအမာခံပုဂ္ဂိုလ်များဖြင့် အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့သည်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် စစ်ဆေးတွေ့ရှိရပါကြောင်း၊ ထို့အပြင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အောက်သို့ ပြောင်းရွှေ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနကို ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်တွင် နိုင်ငံတော်သမ္မတက ထပ်မံဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း။

### ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့

ထိုကဲ့သို့ဆောင်ရွက်ခြင်းသည် ပါတီတစ်ခုတည်းက ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး အစိုးရဖွဲ့နိုင်ရေးအတွက် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများ ပါဝင်စွက်ဖက်သည့် အထောက်အထားများကိုလည်း သတင်းစာများတွင် ဖော်ပြခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် INGO များဖြစ်သည့် IDEA၊ IFES တို့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ရုံးခန်းများဖွင့်လှစ်ပြီး ရွေးကောက်ပွဲခေါင်းစဉ်ဖြင့် နိုင်ငံခြားအဖွဲ့အစည်းများ၏ ရန်ပုံငွေများရယူ၍ ပါဝင်ပတ်သက် အကြံဉာဏ်ပေးကာ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့ပါကြောင်း၊ မကြာမီ ကာလတွင် မဲစာရင်းစစ်ဆေးဆောင်ရွက်ခြင်းများ ပြီးစီးမည်ဖြစ်သည့်အတွက် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကိုလည်း ပြည်သူများထံ ဖော်ပြအသိပေးဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း။

မိမိတို့အနေဖြင့် ယခင်ရွေးကောက်ပွဲ ကော်မရှင်က ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲ မဲစာရင်းများနှင့် မဲမသမာမှုများကို ရွေးကောက်ပွဲပြီးကာလမှသာ ပြန်လည်စစ်ဆေးဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အာဏာရပါတီ၏ ဥပဒေမဲ့ဆောင်ရွက်ချက်များကို လက်တွေ့ခံစားခဲ့ကြရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သိရှိခံစားခဲ့ရသည့် ရွေးကောက်ပွဲမသမာမှုများ၊ ဥပဒေမဲ့ဆောင်ရွက်ခဲ့မှုများ၊ အထောက်အထားများကို မိမိတို့ကော်မရှင်ထံသို့ ရေးသားပေးပို့ကြစေလိုပါကြောင်း၊ မဲစာရင်းစစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဥပဒေချိုးဖောက်မှုများကို ဆောင်ရွက်ခဲ့သည့် NLD ပါတီကို မည်ကဲ့သို့အရေးယူဆောင်ရွက်သင့်သည်ကို ပါတီများ၏ သဘောဆန္ဒကို သိရှိလိုကြောင်း။

### အကောင်းဆုံးဆောင်ရွက်သွားမည်

လာမည့်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးနိုင်ရေး လေ့လာရန် ပထမအကြိမ်တွေ့ဆုံပွဲ၌ ပြောဆိုဆွေးနွေးမှုရှိခဲ့ပါကြောင်း၊ ပါတီတချို့မှလည်း စာတမ်းများ ရေးသားပေးပို့ခဲ့ကြပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ် အသုံးပြုနိုင်ခြင်း ရှိ/မရှိ နိုင်ငံရေးပါတီများအနေဖြင့် ဆွေးနွေးပေးစေလိုပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်မှာ နည်းအမျိုးမျိုးရှိသော်လည်း မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်စနစ်မျိုးကိုသာ ကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အားလုံးတွင် ကျင့်သုံးဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ၊ မိမိတို့နိုင်ငံ၏ ပညာတတ်မြောက်မှုအဆင့်အတန်းအရ ကျင့်သုံးရန် သင့်/မသင့် စသည်များကိုလည်း ပါတီများအနေဖြင့် ဆွေးနွေးဆောင်ရွက်ပေးကြရန်လိုပါကြောင်း၊ အဆိုပါအချက်များအနက်မှ အချိန်အခါအရ သင့်လျော်သည့် ရွေးကောက်ပွဲစနစ်ကို မိမိတို့ ရွေးချယ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ အပိုဒ် (၅) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဖြစ်အောင် အထက်ပါ မှားယွင်းချက်များကို သင်ခန်းစာဖော်ထုတ်ပြီး အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ကော်မရှင်အနေဖြင့် ထောက်ပံ့ကူညီပေးရေး၊ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေးနှင့် ကျင့်သုံးရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် စနစ်ဖြစ်စေရန် အထူးဂရုပြုဆောင်ရွက်သွားရေး၊ တည်ဆဲဥပဒေများ ချိုးဖောက်၍ မဲမသမာမှု ဆောင်ရွက်ခဲ့သည့်ပါတီအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေးနှင့် အချိုးကျကိုယ်စားပြုစနစ် ( PR) နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးအကြံပြုကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**“ မကြာမီ ကာလတွင် မဲစာရင်းစစ်ဆေးဆောင်ရွက်ခြင်းများ ပြီးစီးမည်ဖြစ်သည့်အတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကိုလည်း ပြည်သူများထံ ဖော်ပြအသိပေးဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလို”**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစာရင်းဇယား အချက်အလက်ကောက်ယူရေး အစည်းအဝေးကျင်းပ

**နေပြည်တော်  မေ ၂၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**အမှာစကားပြောကြား**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ တိုးတက်မှုများနှင့် ၂၀၂၁ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခုတို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းကောက်ယူရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စစ်တမ်းကောက်ယူရေးကိစ္စရပ်များအား ဆွေးနွေးတင်ပြကြသည်။

**ရန်ပုံငွေသုံးစွဲမှုဆိုင်ရာများ မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းမရသည့်အတွက် ဖြစ်ပေါ်လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင် ထားနိုင်သည့်ကိစ္စများကို ကြိုတင်ပြင်ဆင်ထားရေး၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ ဗဟိုကော်မတီကို အထောက်အကူပြုစေရေး၊ စာရင်းကောက်ယူမည့်ပုံစံများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ Mobile Team များဖွဲ့စည်း၍ လေ့ကျင့်ဆောင်ရွက်ထားရေး၊ ဆက်သွယ်ရေး ကွန်ရက်များ တည်ဆောက်ထားရေး၊ စစ်တမ်းအစီရင်ခံစာအား ဆောလျင်စွာ ထုတ်ပြန်နိုင်ရေး၊ အချက်အလက်များမှန်ကန်စေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ ပိုမိုပြည့်စုံမှန်ကန်သည့် စစ်တမ်းဖြစ်စေရေးနှင့် ရန်ပုံငွေသုံးစွဲမှုဆိုင်ရာကိစ္စများကို မှာကြားသည်။

အစည်းအဝေးသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးများနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော်  မေ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် နတ်မောက်မြို့နယ် မဂ္ဂုလကာကွယ်တောရှိ ၃/၂၀၂၀ အခြားစိုက်ခင်း ၂၅ ဧကနှင့် တောင်တွင်းကြီးမြို့နယ် ဗိဿနိုးကြိုးပြင်ကာကွယ်တောအတွင်း ၂၀၁၉ ခုနှစ် မိုးရာသီ အထူးစိမ်း တစ်အုပ်တစ်မစိုက်ခင်းအပင် ၁၅၀၀၊ ၂၀၂၀ ပြည့်နှစ် မိုးရာသီ အထူးစိမ်းတစ်အုပ်တစ်မစိုက်ခင်း အပင် ၈၀၀၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ၂၀၂၁ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် တစ်အုပ်တစ်မစိုက်ခင်း အပင် ၃၅၀၀ အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနက တည်ထောင်ထားသော ကုက္ကိုရွှပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသော သစ်မျိုး ၂၄ မျိုး၊ ပျိုးပင် ၂၅၁၀၀ ရှင်သန်ဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိ မြန်မာနိုင်ငံအခြေအနေနှင့် နိုင်ငံ့ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

**အလေးထား လိုက်နာရန်လိုအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၊ ဦးစီးဌာန၊ လုပ်ငန်းများအလိုက် မူဝါဒများ၊ ရည်မှန်းချက်တာဝန်များရှိပြီးဖြစ်၍ အောင်မြင်



အောင် ဆက်လက်ဆောင်ရွက်သွားရန် ယင်းသို့ဆောင်ရွက်ခြင်းသည် တိုင်းပြည်နှင့် ပြည်သူပြည်သားများ၏အကျိုးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာန၊ လုပ်ငန်းအလိုက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဌာနဆိုင်ရာ ညွှန်ကြားချက်များရှိပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဥပဒေများသည် တိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်သဖြင့် အလေးထားလိုက်နာရန်လိုအပ်ကြောင်းနှင့် ရည်မှန်းချက်တာဝန်ကို အောင်မြင်အောင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*❂ ကျောဖုံးမှ*

ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရရှိထားသည်။

ဘရန့်ဖို့ဒ်အသင်းသည် ချန်ပီယံရှစ်ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၃)နေရာဖြင့် ပိတ်သိမ်းနိုင်ခဲ့ပြီး ဘုန်းမောက်အသင်းက အဆင့်(၆)နေရာဖြင့် ပိတ်သိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် လာမည့်နှစ်တွင် ပရီမီယာလိဂ်သို့ နေ့ဝှစ်ချ်၊ ဝက်ဖို့ဒ်အသင်းတို့နှင့်အတူ တန်းတက်ခွင့်ရရှိရန် ပလေးအော့ဖ် (ရှုံးထွက်) ကစားခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်ရာသီ ချန်ပီယံရှစ်တွင် တွေ့ဆုံခဲ့သည့် နှစ်ကြိမ်တွင် ဘရန့်ဖို့ဒ်အသင်းက နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်ကို တွေ့ရသည်။ သို့သော်လည်း ဘရန့်ဖို့ဒ်အသင်းသည် ပထမအကျော့တွင် ဘုန်းမောက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည့်အတွက် ယခု ဒုတိယအကျော့တွင် ရလဒ်ကောင်းပိုင်ဆိုင်ပြီး ချန်ပီယံရှစ် ပလေးအော့ဖ် ဗိုလ်လုပွဲသို့ တက်လှမ်းသွားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ ထို့အပြင် ဘရန့်ဖို့ဒ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ ယခုနှစ်ရာသီ ချန်ပီယံရှစ်တွင် တိုက်စစ်စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်သည့် အသင်းများထဲတွင် ပါဝင်နေသည့်အတွက်လည်း မည်သည့်အသင်းက ဗိုလ်လုပွဲကို တက်လှမ်းသွားမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။ ဘုန်းမောက်အသင်းတွင် ဘီဂိုဗစ်၊ လာမာ၊ ပီယာဆင်၊ ဆိုလန်ကီ စသည့် ကစားသမားကောင်းများရှိနေပြီး ဘရန့်ဖို့ဒ်အသင်းတွင် တိုနေ၊ ဖိုဆု၊ ဂျန်ဆန် စသည့် ကစားသမားကောင်းများရှိနေသည်။

အဆိုပါ နှစ်သင်းယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းအနေဖြင့် ဘုန်းမောက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်မှု မသေချာခြင်းတို့ကြောင့် အနိုင်ရလဒ်နှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ ဘရန့်ဖို့ဒ်အသင်းသည် ယမန်နှစ်က ချန်ပီယံရှစ် ပလေးအော့ဖ် ဆီမီးဖိုင်နယ်တွင် ဆွမ်ဆီးအသင်းကို နှစ်ကျော့စလုံး အနိုင်ရရှိအောင် ကစားထားနိုင်သော်လည်း ဗိုလ်လုပွဲတွင် ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ သောကြောင့် ပရီမီယာလိဂ်သို့ တန်းတက်ခွင့် တစ်နေရာနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ဘရန့်ဖို့ဒ်အသင်းသည် ယခု ဒုတိယအကျော့တွင် ဘုန်းမောက်အသင်းကို အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်လှမ်းသွားနိုင်မလားဆိုသည်ကို ယနေ့ညပိုင်းတွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည်။

အခြားသော ချန်ပီယံရှစ် ပလေးအော့ဖ် (ဆီမီးဖိုင်နယ်) ဒုတိယအကျော့ပွဲစဉ်အဖြစ် ဆွမ်ဆီးနှင့် ဘန်စလေအသင်းတို့ပွဲစဉ်ကို မေ ၂၃ ရက် နံနက်အစောပိုင်းတွင် ဆွမ်ဆီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အဆိုပါနှစ်သင်းယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ ဘန်စလေအိမ်ကွင်းတွင် ဆွမ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ယခု ဒုတိယအကျော့ပွဲစဉ်တွင် မည်သည့်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းသွားနိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

*❍ ကျောဖုံးမှ*

မွန်ဂိုလီးယားကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်ကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ ကာဂျစ္စတန်ကို အဝေးကွင်း၌ ခုနစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ပြီး နောက်ဆုံးနှစ်ပွဲတွင်မူ အိမ်ကွင်း၌ တာဂျစ်ကစ္စတန်ကို လေးဂိုး-သုံးဂိုး၊ မွန်ဂိုလီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်းမှာ ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အောင်မြင်ပြီး ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ကျန်ဒုတိယနေရာရ လေးသင်း၊ အုပ်စုတတိယနေရာရ ရှစ်သင်း၊ စတုတ္ထနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်းမှာ ၂၀၂၃ အာရှဖလားတတိယအဆင့်သို့ တိုက်ရိုက်ကစားခွင့်ရမည် ဖြစ်ပြီး ကျန်စတုတ္ထနေရာရ လေးသင်းနှင့် အုပ်စုအောက်ဆုံးရပ်တည်မှုအရ ရှစ်သင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲကစားခွင့်ရရန် Play-off ပွဲစဉ်ထပ်မံကစားရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းပါက အုပ်စုဒုတိယနေရာအထိ မျှော်လင့်နိုင်သလို အကောင်းဆုံးအုပ်စု ဒုတိယနေရာရ လေးသင်းတွင် မပါဝင်ပါကလည်း အာရှဖလားတတိယအဆင့် ခြေစစ်ပွဲတိုက်ရိုက်ကစားခွင့်ရရန် ကြိုးပမ်းရမည် ဖြစ်သည်။ လက်ရှိကျင်းပနေသည့် ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြောက်ကိုရီးယားအသင်း နုတ်ထွက်သွားပြီး ရလဒ်များပယ်ဖျက်ပါက လက်ရှိအုပ်စု အဆင့် ၄ နေရာတွင် ရပ်တည်နေသည့် မြန်မာအသင်းအနေဖြင့် အကောင်းဆုံးအုပ်စု စတုတ္ထနေရာရ လေးသင်းစာရင်းတွင် တတိယနေရာသို့ ရောက်ရှိသွားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# အနှောင်းသေချာဖို့ အစကောင်းရန် လိုပါသည်

**စန်းနီလာဝင်း**

**ပန်းကောင်းတစ်ပွင့် သီးကောင်းတစ်ခိုင် သစ်ကောင်းတစ်ပင် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ပမာ ဖြစ်စေချင်ကြသူများမှာ "ဘဝဥယျာဉ်မှူး"များ ဖြစ်ကြသည့် မိဘပြည်သူများနှင့် "ဘဝပဲ့ကိုင်ရှင်" များဖြစ်ကြသည့် ဆရာ/ဆရာမတို့ ဖြစ်ကြပါသည်။**

> **✻ ပန်းလိုလျှင် အပင်ကိုပျိုးရသည်၊ ရေလောင်းပေါင်းသင် မြေဩဇာ ကျွေးမွေးရသည်၊ သို့မှသာ ပန်းတို့သည် ရေအလာမြင့်လျှင် ရွှေကြာ ပွင့်တင့်သလို ပန်းဥယျာဉ်ကြီးဝယ် ငွားငွားစွင့်စွင့် မားမားမြင့်မြင့် ဖူးပွင့်ဝေဆာနိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍ ပညာသင် လူငယ်လူရွယ် မောင်မယ်တို့သည် ပညာရှင် ဆရာ ဆရာမများနှင့် လက်ဦးဆရာများ ဖြစ်ကြသည့် မိဘများ၏ အဆုံးအမ လမ်းညွှန်ပြသမှုများကို မလွဲ မသွေ ခံယူကြရမည်ဖြစ်**

အခြေခံပညာ ကျောင်းများ၏ ကျောင်းဖွင့်ရာသီချိန်ခါဖြစ်သည့် ဇွန်လ၏ ကျောင်းတက်ခေါင်းလောင်းထိုးသံများသည် ဘဝဥယျာဉ်မှူး မိဘများနှင့် ဘဝပဲ့ကိုင်ရှင် ဆရာ/ ဆရာမတို့၏ မွန်မြတ်သန့်စင်လှသော နှလုံးသားဆန္ဒများကို စတင်လှုပ်နှိုးလိုက်ချိန်လည်း ဖြစ်ပါသည်။ တစ်နည်းဆိုပါလျှင် မုတ်သုံမိုးရာသီ၏ အကြိုကာလဖြစ်သော ဇွန်လသည် ကျေးဇူးရှင် ဆရာ/ ဆရာမတို့၏ "စေတနာ မိုး"၊ "ဝါသနာမိုး"၊ "အနစ်နာမိုး" ဟူသော "နာသုံးနာ" ပေါင်းစပ်ထားသည့် ပညာမိုးရေမိုးပေါက်တို့ဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအပေါ် စတင်ရွာသွန်းဖြိုးချိန်ဟုလည်း ဆိုနိုင်ပါသည်။

နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများ၏ "လူ့ဘဝအရည်အသွေးမြင့်မားမှု" ကို "အသိပညာ၊ ကျောင်းသင်ပညာ" တို့ဖြင့် စံပြုထားပါသည်။ ဤသည်ကို "သက်ကြီးစာတတ်မြောက်မှု" နှင့် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်မောင်မယ်များ၏ ပျမ်းမျှကျောင်းပညာသင်ချိန်တို့ဖြင့် တိုင်းတာသတ်မှတ်ကြပါသည်။

### ပညာ၏တန်ဖိုး

လူ့ဘဝ သမိုင်းတစ်လျှောက်တွင် ယနေ့မျက်မှောက်ခေတ်လောက် ပညာ၏ အရေးပါမှုမျိုး မဖြစ်ပေါ်ခဲ့သေးပါ။ ပညာရှင်တို့သည် "စက်မှုခေတ်" ကို ချန်ရစ်ကာ "နည်းပညာခေတ်" သို့ ကူးပြောင်းလာအောင် ဆောင်ရွက်လာကြသဖြင့် ပညာ၏တန်ဖိုးသည် အမြင့်ဆုံးနေရာသို့ အရှိန်အဟုန်ဖြင့် ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။

စက်မှုခေတ်ကာလတွင် လိုက်နာကျင့်သုံးခဲ့ကြရသည့် နည်းလမ်းများသည် ကျောင်းများတွင်သာ ရှိခဲ့၏။ အဆင့်ကောင်းကောင်းရရှိအောင်ယူကာ စိတ်ချ၍ ခိုင်မြဲပြီး အကျိုးဖြစ်ထွန်းမည့် အလုပ်အကိုင်ကို လုပ်ကိုင်လျက် ရာသက်ပန် ဘဝလမ်းကို လျှောက်လှမ်းနိုင်ခဲ့ကြသည်။ သို့တစေ ယနေ့ နည်းပညာခေတ်တွင် လိုက်နာကျင့်သုံးရမည့် နည်းလမ်းများကား ပြောင်းလဲသွားပေပြီ။

### သင်တန်းများ ထပ်မံတက်ရမည်

ယနေ့သည်ကား ကျောင်းပညာ တက်ရောက်သင်ကြားစဉ် အဆင့်ကောင်းကောင်းရအောင် ရယူမည်။ ထို့နောက် အလုပ်အကိုင် ရှာဖွေမည်။ အလုပ်အကိုင်ရရှိလျှင် ထိုလုပ်ငန်း သဘာဝနှင့် လိုက်လျောညီထွေ လုပ်ကိုင်ဆောင်ရွက်နိုင်အောင် သင်တန်းများ ထပ်မံတက်ရောက်ကြရမည် ဖြစ်သည်။

"စက်မှုခေတ်"က ခေတ်၏ သဘောတရားကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ရာ၌ သိပ္ပံပညာရှင်ကြီး "အဲလ်ဘတ်အိုင်းစတိုင်း"၏ "E = MC²" ဟူသော ပုံသေနည်းဖြင့် ဖွင့်ဆိုခဲ့ကြသည်။ ယနေ့ "နည်းပညာခေတ်"တွင် ခေတ်၏ သဘောတရားကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နည်းပညာရှင် "မိုး၏နိယာမ" (More's Law) ကို အသုံးချကြရမည်ဖြစ်သည်။

"မိုး"၏နိယာမမှာ ယနေ့ရရှိထားသော အတွေး၊ အကြံ၊ အချက်အလက်တို့သည် (၁၈)လ ကြာလျှင် နောက်ထပ်နှစ်ဆပွားရမည်။ ဆိုလိုသည်မှာ ပြောင်းလဲလာမှုများနှင့်အတူ ရင်ပေါင်တန်းနိုင်ရန် သင်သည် ၁၈ လကြာညောင်းလာတိုင်း ထို ၁၈ လအတွင်း ဖြစ်ပေါ်လာသမျှ ပညာရပ်တို့ကို သင်ပြန်လည်သင်ယူဖို့ လိုအပ်မည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

### အရေးပါ အရာရောက်မည်

"စက်မှုခေတ်"တွင် ပြောင်းလဲမှုတို့သည် နှေးကွေးလှချေ၏။ သင်ကျောင်းတက်ပြီး လေ့လာသင်ယူခဲ့သမျှသော ပညာရပ်တို့သည် သင့်ဘဝတစ်သက်တာအတွက် ဖူလုံ၏။ နည်းပညာခေတ်တွင် သင်သိထားသမျှတို့သည် လျင်မြန်စွာ ပြောင်းလဲလာချိန်တွင် အသုံးမတည့်တော့ဘဲ ခေတ်မမီသည့် အသွင်သို့ ရောက်သွားနိုင်သည်။ သင် သင်ယူလေ့လာဆည်းပူးခဲ့သည်တို့သည် အရေးတော့ ပါပါသည်။ သို့ရာတွင် သင်အဘယ်မျှ လျင်မြန်စွာ သင်ယူနိုင်သည်၊ ပြောင်းလဲသည်နှင့် သဟဇာတဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်မှုတို့က ပို၍ အရေးပါအရာရောက်နေမည်သာ ဖြစ်ပါသည်။

လက်တွေ့သာဓကအားဖြင့် "အိုင်ဘီအမ်" (IBM) ကွန်ပျူတာကုမ္ပဏီကြီးမှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော ဒါရိုက်တာအဖွဲ့ဝင် သန်းကြွယ်သူဌေးတို့သည် ပြောင်းလဲလာသော နည်းပညာအခြေအနေများနှင့် ဈေးကွက်ကို ကြိုတင်မြင်ခဲ့ကြသောကြောင့် "မိုက်ကရိုဆော့" (Microsoft) ကုမ္ပဏီမှ ပညာရှင် "ဘီလ်ဂိတ်စ်" သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး ကုဋေကြွယ်သူဌေးကြီး ဖြစ်လာခဲ့သည်မှာ နည်းပညာရှင်တို့၏ အခန်းကဏ္ဍ အရေးပါလာပုံနှင့် အရာရောက်လာပုံကို ထင်ရှားစွာ ပြဆိုနေခြင်းပင်ဖြစ်ပါသည်။

### လှူဒါန်းထား

ဤနေရာတွင် တိုက်ဆိုင်နေ၍ ပညာရှင် ကမ္ဘာ့သန်းကြွယ်သူဌေးကြီး "ဘီလ်ဂိတ်စ်"သည် ကမ္ဘာလောကကြီးနှင့် လူသားများကိုအကျိုးပြုရန် "ဘီလ်ဂိတ်စ်နှင့် မီလင်ဒါဂိတ်စ် ဖောင်ဒေးရှင်း"ကို ထူထောင်၍ အံ့မခန်း လှူဒါန်းခဲ့သည့် ငွေကြေးပမာဏကို တင်ပြလိုပါသည်။ ဘီလ်ဂိတ်စ်ဖောင်ဒေးရှင်းသည် ကမ္ဘာ့ကူးစက်ရောဂါ တိုက်ဖျက်ရေး၊ သောက်ရေသန့်ရရှိရေး၊ ကမ္ဘာ့ရာသီဥတုပြုပြင် ထိန်းသိမ်းရေး၊ ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးအတွက် ရန်ပုံငွေများ အပါအဝင် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ (၅၀) ဘီလီယံ ရှိခဲ့သည်။ လွန်ခဲ့သည့် ၂၀၁၉ ခုနှစ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်ဖြန့်ချိရေးနှင့် ကမ္ဘာ့ရာသီဥတု ကောင်းမွန်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၈၉ သန်းကျော် လှူဒါန်းခဲ့ပြီး ဖြစ်သည်။ ယခုထပ်မံ၍ မျိုးရိုးဗီဇအသစ် ပြောင်းလဲလာသော ကိုဗစ်ရောဂါအတွက် အမေရိကန်ဒေါ်လာသန်း ၇၀ ထပ်မံလှူဒါန်းထားသည်ဟု သိရသည်။

သို့ရာတွင် စံပြပရဟိတအလှူရှင် ကုဋေကြွယ်သူဌေးကြီး ဇနီးမောင်နှံများ ဖြစ်ကြသည့် "ဘီလ်ဂိတ်စ်နှင့် မီလင်ဒါဂိတ်စ်" တို့မှာ မကြာမီကပင် ၂၇ နှစ်ကြာပေါင်းသင်းလာခဲ့သော အိမ်ထောင်ရေးဘဝကို နိဂုံးချုပ်လိုက်ကြပြီဖြစ်ရာ စိတ်မကောင်းဖွယ် ကြားသိရပါသည်။ သို့တစေ သူတို့နှစ်ဦးသည် မလွဲသာ၍ ကွဲကွာသွားကြစေကာမူ လူသားအကျိုးပြု လှူဒါန်းမှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည့် အစီအစဉ်များကို ကြားသိရသဖြင့် ပါရမီရှင် ပညာရှင်တို့၏ ကုသလ ကမ္မပထလုပ်ငန်းများအတွက် သာဓုခေါ်နေမိပါသည်။

### ဖွံ့ဖြိုးတိုးတက်လျက်ရှိ

ယနေ့မျက်မှောက်ခေတ်၌ ကမ္ဘာတစ်ခွင်တွင် ပြောင်းလဲတိုးတက်မှုနှုန်းများမှာ ယခင်ကထက် မြန်ဆန်လွန်းလှသဖြင့် ပညာရေးအခန်းကဏ္ဍသည် ပို၍ အရေးပါ အရာရောက်လာခဲ့သည်။ နည်းပညာခေတ်တွင် နည်းပညာဖွံ့ဖြိုးမှသာ နိုင်ငံဖွံ့ဖြိုး၍ လူမျိုးတိုးတက်မည်၊ နည်းပညာဖွံ့ဖြိုး တိုးတက်ကြသော နိုင်ငံတို့သည် ရှေ့တန်းသို့ရောက်နေပြီး နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ထိုနိုင်ငံများ၏ "အခြေခံအဆောက်အအုံ" တို့သည် ယခင်ကနှင့်မတူ ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်ကို မြင်တွေ့နေရသည်။

### ပန်းလိုလျှင် အပင်ကိုပျိုး

ပန်းလိုလျှင် အပင်ကိုပျိုးရသည်၊ ရေလောင်းပေါင်းသင်မြေဩဇာကျွေးမွေးရသည်၊ သို့မှသာ ပန်းတို့သည် ရေအလာမြင့်လျှင် ရွှေကြာပွင့်တင့်သလို ပန်းဥယျာဉ်ကြီးဝယ် ငွားငွားစွင့်စွင့် မားမားမြင့်မြင့် ဖူးပွင့် ဝေဆာနိုင်ကြမည် ဖြစ်သည်။ သို့ဖြစ်၍ ပညာသင် လူငယ်လူရွယ် မောင်မယ်တို့သည် ပညာရှင် ဆရာ ဆရာမများနှင့် လက်ဦးဆရာများ ဖြစ်ကြသည့် မိဘများ၏ အဆုံးအမ လမ်းညွှန်ပြသမှုများကို မလွဲမသွေ ခံယူကြရမည် ဖြစ်သည်။

မြန်မာဆိုရိုးစကား တစ်ခုတွင် "အစကောင်းမှ အနှောင်းသေချာ" ဟူ၍ အဆိုရှိပါသည်။ မှန်ကန်သော လုပ်ဆောင်ချက်တစ်ရပ် ဖြစ်ပေါ်စေရန် မှန်ကန်သော အသိတရားနှင့် မှန်ကန်သော ခံယူချက်ရှိနေရန်မှာ မှန်ကန်သော လမ်းပြရှေ့ဆောင် လေ့ကျင့်ပြုပြင် သွန်သင်သင်ကြားမှုတို့ အပေါ်တွင် အခြေခံ၍ နေပါသည်။

### အလွန်ခဲယဉ်း ခက်ခဲ

အိုးထိန်းသည်၏ အထုအရိုက်ကို လုံးဝမခံရသော အိုးတို့မည်သည် အိုးကောင်း လုံးဝ ဖြစ်မလာနိုင်ပေ။ ကျောက်ဆစ်ဆရာ၏ အဖြတ်အတောက်ကို လုံးဝမခံရသော ကျောက်တုံးသည်လည်း မည်သည့်အခါမျှ ကျောက်ဆစ်ရုပ်ကောင်း ဖြစ်လာနိုင်မည် မဟုတ်ပေ။ ပန်းပဲဆရာ၏ အထုအရိုက်ကို မခံရသော သံတုံးသည်လည်း ဓားကောင်းလုံးဝမဖြစ်လာနိုင်ပေ၊ ထို့အတူ မိကောင်းဖကောင်း ဆရာသမားကောင်း၊ ခေါင်းဆောင်ကောင်း၊ လူကောင်းသူကောင်းတို့၏ လေ့ကျင့်သင်ကြားပြုပြင် သွန်သင် လမ်းညွှန်မှုကို မခံကြရသော လူငယ်လူရွယ်တို့သည် လူရည်မွန်၊ လူရည်ချွန်၊ လူကောင်း လူတော်၊ နိုင်ငံ့သားကောင်း ဖြစ်နိုင်ရန် အလွန်ခဲယဉ်း ခက်ခဲလှပါသည်။

ပညာသင်လူငယ်လူရွယ် မောင်မယ်တို့သည် နုပျိုကြသည်၊ လန်းဆန်းကြသည်၊ အရာရာတွင် တက်ကြွကြသည်၊ စူးစမ်းလိုကြသည်၊ စမ်းသပ်လိုကြသည်၊ အပြစ်လည်း ကင်းစင်ကြသည်၊ ဖော့ဖယောင်းပမာ ပျော့ပျောင်းနုနယ်လှ၍ လိုရာကို ပုံသွင်းယူ၍ ရသည့် အရွယ်ပင် ဖြစ်ပါသည်။

ပန်းပဲဆရာသည် သံကို မီးပူပူရှိနေစဉ်အချိန်အတွင်းမှာပင် လိုရာထုလုပ်ပုံသွင်း၍ ရနိုင်ပါသည်။ သံအေးသွားကာမှ ထုလုပ်ပါက လိုရာပုံသဏ္ဌာန်ကို ထုလုပ်၍မရနိုင်တော့ဘဲ ပုံသဏ္ဌာန် ပျက်ပြယ်သွားတတ်ပါသည်။ အိုးထိန်းဆရာသည်လည်း ရွှံ့ပျော့ပျော့ ရှိနေစဉ်မှာပင် လိုရာအိုးခွက်ပုံစံအမျိုးမျိုး ပြုလုပ်နိုင်စွမ်းရှိသော်လည်း ရွှံ့မာသွားကာမှ အိုးခွက်ပြုလုပ်လျှင် လိုရာပုံစံမရနိုင်တော့ဘဲ ပုံပျက်ပန်းပျက်ဖြစ်သွားတတ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

> **"လူနေမှုလောက၌ လူမိုက် လူယုတ်မာ ဒုစရိုက် အဖျက်သမားများ၊ နိုင်ငံရေး မသမာသူများ၊ အမျိုးသား သစ္စာဖောက်သူခိုးဓားရိုးကမ်းသူများ၊ အမေကိုကျော်၍ ဒွေးတော်လွမ်းသူများ၊ ခေါင်းဆောင်တု၊ ခေါင်းဆောင်ယောင်များ၊ ဆရာတု ဆရာယောင်၊ မိတ်ဆွေတု မိတ်ဆွေယောင်တို့သည် သူတို့၏အယူအဆများ၊ အပြောအဆိုများ၊ အလုပ်အကြံများတို့ဖြင့် မိမိကိုယ်ကိုသာမက မိမိနှင့် ဆက်နွှယ်ပေါင်းဖက်မိသူ မှန်သမျှကိုပါ ကူးစက်ဒုက္ခပေးမည်သာဖြစ်"**

# (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲ ဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်ကောင်စီဝင်များ ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီဝင်များသည် သာသနာရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီး ၁၀ ပါး၊ ကြီးကြပ်ရေးဆရာတော်ကြီး လေးပါး၊ ပုစ္ဆကဆရာတော် လေးပါးနှင့် (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲ ဖြေဆိုလျက်ရှိကြသော စာဖြေသံဃာ ၇၈ ပါးတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။



### ဝင်ရောက်ဖြေဆို

ယနေ့ကျင်းပသည့်(၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲသို့ အဘိဓမ္မာ(နောက်ပိုင်း) စာဖြေသံဃာ ခြောက်ပါး၊ အဘိဓမ္မာ (ရှေ့ပိုင်း)စာဖြေသံဃာ ခြောက်ပါး၊ ဒီဃနိကာယ် စာဖြေသံဃာ ၂၄ ပါး၊ ဝိနည်း (နောက်ပိုင်း) စာဖြေသံဃာ ၄၂ ပါး စုစုပေါင်း စာဖြေသံဃာ ၇၈ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ **(အပေါ်ပုံ)**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ဗုဒ္ဓဘာသာသာသနာတော်၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေး၊ သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကန္တတ်ငုံဆောင်ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးဟူသော ရည်ရွယ်ချက်တို့ဖြင့် ၁၃၁၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာ ယခုကျင်းပသော စာမေးပွဲကြီးသည် (၇၃)ကြိမ်တိုင်အထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

### ၅ ရက်တိုင်တိုင် ကျင်းပ

အဆိုပါ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ မေ ၁၇ ရက်မှ ၂၁ ရက်အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ရာ ယနေ့သည် စာမေးပွဲနောက်ဆုံးရက်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၁


တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရခိုင်ပြည်နယ် အမ်းမြို့ရှိ ကျောင်းတိုက်များမှ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ် လှူဒါန်းကြသည်။

ထို့အပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက္ခမီကျောင်းတိုက်ရှိ သံဃာတော်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ရှိ နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၁

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုးသက်လေပြင်းများကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

ရန်ကုန် မေ ၂၁

**ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/လေ့သု)၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် စာရင်းစစ်ရုံးများမှ အရာထမ်းများ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ အရာထမ်းများ တက်ရောက်ကြသည်။

**ဥပဒေနှင့်အညီ ဆောင်ရွက်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများကို ရှင်းလင်းကာ စာရင်းစစ်များ၏ တာဝန်များမှာ ပြည်သူ့ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲကာ ပြည်သူ့အကျိုးစီးပွားရရှိစေရန် အဓိကထား ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရန် မိမိတို့၏ လုပ်ငန်းခွင်စွမ်းဆောင်ရည် မြင့်တက်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး ညွှန်ကြားရေးမှူးတို့က ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ လက်ရှိလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က ဝန်ထမ်းပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး တင်ပြသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကာ တာဝန်ရှိသူဝန်ထမ်းများအား ဥပဒေဘောင်အတွင်း နေထိုင်ရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် အမိန့်ညွှန်ကြားချက်များ လိုက်နာရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းရန်တို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေး၍ ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ရှင်းလင်းတင်ပြ

**ဘားအံ မေ ၂၁**

ကရင်ပြည်နယ်အတွင်း ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် True World Co.,Ltd မှ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ထံသို့ မေ ၂၀ ရက် မွန်းလွဲ ၃ နာရီခန့်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်ခန်းမ(၂)၌ လာရောက်တွေ့ဆုံ ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် True World Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဇေယျနှင့်အဖွဲ့က လျှပ်စစ်ဓာတ်အား ၁၅၀ မီဂါဝပ် ထုတ်လုပ်နိုင်မည့် ရေပေါ်ဆိုလာစနစ်ကို ပါဝါပွိုင့် အသုံးပြုရှင်းလင်းတင်ပြခဲ့ကြပြီး လှိုင်းဘွဲ့မြို့နယ် ရေဘုတ်ရေလှောင်တမံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားကြောင်း၊ လိုအပ်သည့် မြေပြင်ကွင်းဆင်းတိုင်းတာဆန်းစစ်မှုအချို့လည်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ရေမျက်နှာပြင်ပေါ်တွင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မြေယာဆုံးရှုံးမှုမရှိကြောင်း။

အာရှနှင့် ပစိဖိတ်နိုင်ငံများတွင်လည်း ယခုနည်းပညာကို အသုံးပြုလျက်ရှိပြီး မြေပြင်တွင် ဆိုလာတပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နည်းပညာနှင့် တူညီပါကြောင်း၊ တည်ဆောက်ရေးကာလ အနေဖြင့် တစ်နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့်လျှပ်စစ်ဓာတ်အားများကို ဘားအံစက်မှုဇုန်(သို့) ဒေသခံပြည်သူများထံသို့လည်းကောင်း၊ နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်သို့ လည်းကောင်း ဖြန့်ဖြူးပေးနိုင်ရန် လျာထားကြောင်း သိရှိရသည်။

ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပင်မစက်ရုံမရှိသေးသည့်အတွက် အဆိုပါလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ဖြစ်ပါက လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝ အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက်လည်း ရန်ပုံငွေရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသ၏ အလုပ်အကိုင်အခွင့်လမ်းများ ပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ထုတ်ပေးလျက်ရှိသည်။ ယနေ့တွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများက ၎င်းတို့၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် အဆင်ပြေချောမွေ့စွာ ထုတ်ယူလျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)တွင် အထူးကောင်တာဖွင့်လှစ်ပြီး ဘဏ်စာရင်းအသစ်များဖွင့်လှစ်ပေး၍ ငွေသားအပ်နှံခြင်းကို လက်ခံဆောင်ရွက်ပေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၇၆ ဘဏ်သို့ အပြန်အလှန် ငွေသားဖြင့် ငွေလွှဲပေးပို့ခြင်း၊ လွှဲပို့ငွေရပ်အတိုင်း ငွေသားထုတ်ပေးခြင်းဝန်ဆောင်မှုလုပ်ငန်းသစ်ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး အကြိမ် (၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော်  မေ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ အကြိမ် (၄၁)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ် ဂန္ဓကုဋ္ဌိကျောင်းဆောင်၊ အဘိသန္ဓိမာန်တော်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ မဟာဝိဇိတာရုံစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ် အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။



ရှေးဦးစွာ မဟာဝိဇိတာရုံစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်အရှင်သူမြတ်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းအိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ ဧည့်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် အလှည့်ကျ ပဋ္ဌာနဘာဏက သံဃာတော်မှစတင်၍ မဟာပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်ခဲ့ပြီး အကြိမ် (၄၁) မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ကဆုန်လပြည့်နေ့အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုန်ရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၀-၅-၂၀၂၁)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၃/၂၀၂၁ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတု ခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုန်ရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရေလုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ရေလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော သစ်သားကိုယ်ထည် ငါးဖမ်းရေယာဉ်များအား သစ်သားဖြင့်ပင်အကြီးစားပြင်ဆင်ခြင်း၊ မူလရေယာဉ်အားပယ်ဖျက်၍ သစ်သားကိုယ်ထည်ဖြင့်တည်ဆောက်ပါက လိုအပ်သောသစ်ဆိုက်ရရှိရန်ခက်ခဲခြင်း၊ သစ်ဈေးနှုန်းမှာ ကြီးမြင့်သဖြင့် ကုန်ကျစရိတ်များပြားခြင်း၊ သဘာဝပတ်ဝန်းကျင် သစ်တောများ ပြုန်းတီးစေခြင်း၊ ရေရှည်အသုံးမပြုနိုင်ခြင်း၊ တစ်နှစ်တစ်ကြိမ် လွန်းတင်၍ သစ်သားအစားထိုးလဲလှယ်ရခြင်း၊ ပင်လယ်ပြင် အန္တရာယ်လုံခြုံမှု မရှိနိုင်ခြင်းကြောင့်လည်းကောင်း၊ သံခွံကိုယ်ထည်ဖြင့် တည်ဆောက်ပါက လိုအပ်သောသံပြားများ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ သံဖြင့်တည်ဆောက်ပါက ပေါ့ပါးခြင်း၊ ကြံ့ခိုင်မှု ရှိခြင်း၊ ရေရှည်အသုံးပြုနိုင်ခြင်း၊ ပင်လယ်ပြင်အန္တရာယ်လုံခြုံမှုရှိခြင်း၊ ရေလုပ်သားများအတွက် အိပ်ခန်း၊ နားနေခန်းနှင့် စားဖိုခန်း၊ မီးဖိုခန်း၊ အိမ်သာတို့ ပြည့်စုံစွာပါရှိနိုင်မည်ဖြစ်ခြင်းတို့ကြောင့် သစ်သားကိုယ်ထည်ငါးဖမ်းရေယာဉ်များအားပယ်ဖျက်၍ သံခွံကိုယ်ထည်ဖြင့် EU စံသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတကာအဆင့်မီငါးဖမ်းရေယာဉ်များအဖြစ် အစားထိုးတည်ဆောက်လိုပါက မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ထောက်ခံချက်၊ တည်ဆောက်သွားမည့်ရေယာဉ်ပုံစံနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကံမမြို့ ဗိုလ်ချုပ်လမ်းရှိ မြေသားရေမြောင်းအား အုတ်စီရေမြောင်းအဖြစ် အဆင့်မြှင့်

**ကံမ  မေ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြေသားရေမြောင်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် အုတ်စီရေမြောင်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆင့်မြှင့်ဆောင်ရွက်လျက်ရှိသော အုတ်စီရေမြောင်းမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်သိန်း ၈၀ ဖြင့် အရှည်ပေ ၄၀၀၊ အကျယ် နှစ်ပေနှင့် အနက်နှစ်ပေ ခြောက်လက်မ ရေမြောင်းအား ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။ **ကျော်ဇေယျဝင်း (ကံမ)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၂၁-** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ **မိုး/ဇလ**

# ဆေးလိပ် ၊ ကွမ်းယာဖြတ်ကြဖို့ ကတိပြုကြစို့

## တာရာ

**စိတ်ဆိုသည်ကား မကောင်းမှုတွင် မွေ့လျော်တတ်ကြပြီး မကောင်းသည့်ဘက်တွင် ပိုမိုစွဲလမ်း ငြိတွယ်တတ်ကြသည်။ ဆေးလိပ်၊ ကွမ်းယာလေးလောက်ပဲဆိုပြီး စမ်းသပ်မြည်းစမ်းကြည့်ရာမှ တစ်လိပ်၊ တစ်ယာမှသည် နောက်ဆုံးတွင် မသောက်ရ မနေနိုင်၊ မစားရ မနေနိုင်အောင် စွဲလမ်းသွားကြတော့သည်။**

ကွမ်းယာစားလေ့ရှိသူသည် တစ်ခုခုစားပြီးတိုင်း ကွမ်းယာကို စိတ်ကတောင်းဆိုလာသည်။ ခံတွင်းချဉ်လိုက်တာဆိုကာ ကွမ်းယာတစ်ယာလောက်ဝါးလိုက်ရမှ စိတ်အဆာပြေတော့သည်။ ထိုသို့ ကွမ်းတစ်ယာမှသည် ကွမ်းယာစွဲလမ်းမှုကြောင့် ဆင်းရဲဒုက္ခရောက်ခဲ့ရသည့် ဖြစ်ရပ်တစ်ခုကို တင်ပြချင်ပါသည်။ စာရေးသူ၏ဦးလေး ဦးမြသန်းဆိုသူတစ်ဦးအကြောင်း ဖြစ်ပါသည်။

ဦးလေးက အလွန်ပျော်တတ်သူဖြစ်ပြီး ဟန်ပန်အမူအရာဖြင့် စကားပြောကောင်းသူလည်းဖြစ်ရာ ရပ်ရွာ သာရေး၊ နာရေးတွင် သူမပါလျှင် ပွဲမစည်သလောက် ဖြစ်သည်။ ဘုန်းကြီးကျောင်းတွင်သာ စာသင်ခဲ့ရသော်လည်း ဗဟုသုတကြွယ်ပြီး ၅၅၀ ဇာတ်နိပါတ်တော်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ရာဇဝင်၊ ပုံပြင်များစွာကို ပြောပြတတ်သဖြင့် သားသမီးများ၊ တူ တူမများက ချစ်ခင်ကြသည်။

### လည်ချောင်းကင်ဆာ အဆင့်(၃)

ဤမျှ လူချစ်လူခင်များသည့် ဦးလေးသည် လူ့ဘဝတွင် အသက်ရှည်ရှည်မနေခဲ့ရရှာ။ အသက် ၅၀ စွန်းစွန်းတွင် လည်ချောင်းကင်ဆာဖြင့် ကွယ်လွန်ခဲ့သည်။ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို လူပျိုပေါက်အရွယ်မှစကာ ကွမ်းကို စွဲစွဲမြဲမြဲစားသုံးခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။ လည်ပင်းတွင် အကျိတ်များထွက်လာသည်ကို သတိထားမိခဲ့ပြီး ဆရာဝန်နှင့်ပြသဆေးစစ်ခဲ့ရာ လည်ချောင်းကင်ဆာ အဆင့်(၃)ဟူ၍ ဆရာဝန်များက စစ်ဆေးအတည်ပြုခဲ့သည်။

ညအိပ်လျှင်တောင် ကွမ်းကိုငုံ၍ အိပ်တတ်သူ၊ ကွမ်းအလွယ်ဝယ်မရလျှင် ဆေးရွက်ကြီး ငုံတတ်သည့် ဦးလေးသည် သူအလွန်နှစ်သက်သည့် ကွမ်းသာမက မည်သည့်အစာမျှ မစားနိုင်တော့။ နောက်ဆုံး ရေပင်မနည်းမျိုချရသည့် အခြေအနေနှင့် ဝေဒနာအပြင်းအထန် ခံစားခဲ့ရသည်။ ကင်ဆာဟု အတည်ပြုပြီး လပိုင်းအကြာမှာပင် အသက်ဆုံးရှုံးခဲ့ရသည်။

### စိတ်ရော ကိုယ်ပါ ပင်ပန်းဆင်းရဲရ

အိမ်ထောင်ဦးစီးဖြစ်သည့် ဦးလေးကွယ်လွန်ခဲ့သည့်အတွက် ကျန်သည့် သူ၏မိသားစုမှာ ဆင်းရဲဒုက္ခ ရောက်ခဲ့ရသည်။ သမီးအကြီးမှာ ပညာရေး တစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်လိုက်ရပြီး အထည်ချုပ်စက်ရုံတွင် ဝင်ရောက်လုပ်ကိုင်ကာ မိသားစု စားဝတ်နေရေးကို တာဝန်ယူခဲ့ရသည်။ ဒုတိယသားမှာလည်း ပညာရေးဆုံးခန်းမတိုင်ခဲ့ဘဲ တစ်မိသားစုလုံး စိတ်ရော ကိုယ်ပါ ပင်ပန်းဆင်းရဲခဲ့ရသည်။



ခံတွင်းကင်ဆာ ဖြစ်ပွားမှု လက္ခဏာ

ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် အတိဒုက္ခရောက်ခဲ့ရသည်မှာ ဦးလေးတို့ တစ်မိသားစုတည်းတော့ မဟုတ်ပါ။ မြန်မာနိုင်ငံတွင် နှစ်စဉ်လူပေါင်း ၆၄၀၀၀ ခန့်သည် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါမျိုးစုံဖြစ်ပွားပြီး အသက်ဆုံးရှုံးလျက်ရှိသည်။

**ဆေးပါသော ကွမ်းစားခြင်း၊ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းနှင့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းတို့ကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ရုတ်တရက် နှလုံးခုန်ရပ်ခြင်း၊ ပြင်းထန်သည့် သွေးတိုးရောဂါ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း၊ နာတာရှည်အဆုတ်ရောဂါ စသည့်ရောဂါများအပြင် ခြေပုပ်လက်ပုပ်ရောဂါကြောင့် ခြေ၊ လက် ဖြတ်ပစ်ရခြင်း၊ အမျိုးသားများတွင် ပန်းသေ/ ပန်းညှိုးရောဂါ၊ အိမ်ထောင်ရေးသုခ အပြည့်အဝမခံစားနိုင်ခြင်း စသည့် ရောဂါဝေဒနာတို့ကို ခံစားရနိုင်သည်။ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းဖြစ်သည်။**

### မွေးကင်းစကလေး ရုတ်တရက်သေဆုံး

ကိုယ်ဝန်ဆောင်မိခင်များတွင် အထက်ကဖော်ပြခဲ့သည့် ရောဂါများအပြင် သားပျက်သားလျှောခြင်း (ကိုယ်ဝန်ပျက်ခြင်း)၊ ကလေးအသေ မွေးဖွားခြင်း၊ လမစေ့ ပေါင်မပြည့်သည့်ကလေး မွေးဖွားခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းချက်ပါလာခြင်း၊ မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်ပြီး ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့် လသားကလေးများအနေဖြင့် အိပ်နေစဉ်ရုတ်တရက်သေဆုံးခြင်း၊ နာတာရှည်အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးငယ်များ ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်း စသည့် ရောဂါများ ဖြစ်ပွားစေနိုင်သည်။

ကမ္ဘာနှင့်တစ်ဝန်းတွင် နှစ်စဉ်လူဦးရေ ရှစ်သန်းခန့်သည် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နှလုံးရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်ပွားကာ အရွယ်မတိုင်မီ စောစီးစွာသေဆုံးလျက်ရှိသည်။

### ကင်ဆာရောဂါ ဖြစ်စေနိုင်

ထိုအထဲတွင် လူပေါင်းတစ်သန်းခန့်သည် ကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ပါးသူ၏ ဆေးလိပ်ငွေ့ကြောင့် ဆေးလိပ်သောက်သူနည်းတူ ရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီ သေဆုံးလျက်ရှိကြောင်း၊ အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း တွေ့ရှိရသည်။

ဆေးလိပ်ငွေ့တွင် လူ့ခန္ဓာကိုယ်ကို အန္တရာယ်ပေးနိုင်သောဓာတုပစ္စည်း အမျိုးအစား ၇၀၀၀ ကျော် ပါဝင်ပြီး ထိုအထဲမှ ၆၉ မျိုးသည် ကင်ဆာရောဂါကို ဖြစ်စေနိုင်သည်။

ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်းတို့ကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကို ပြောင်းလဲစေနိုင်ခြင်း၊ အမှုန်များကို ထုတ်ပစ်သည့် အသက်ရှူလမ်းကြောင်းရှိ အမွေးကလေးများကို ပျက်စီးစေခြင်း၊ ခန္ဓာကိုယ်ခုခံအားစနစ်၏ ဆောင်ရွက်နိုင်မှုစွမ်းရည်ကို ကျဆင်းစေခြင်းနှင့် ခုခံအားစနစ်ဆိုင်ရာ ရောဂါများဖြစ်ပွားစေခြင်း၊ ဆဲလ်ကလာပ်စည်းများကို ပျက်စီးစေခြင်း၊ မျိုးရိုးဗီဇကို ပြောင်းလဲစေခြင်း၊ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေခြင်း၊ သွေးကြောများကို မာ၍ကျဉ်းစေပြီး ခန္ဓာကိုယ်အနှံ့မှ ရောဂါများ ဖြစ်ပွားစေခြင်း၊ မီးခိုးတွင်ပါဝင်သော ဓာတ်များသည် ခံတွင်း-လေပြွန်-အဆုတ်-သွေးမှတစ်ဆင့် ခန္ဓာကိုယ်အနှံ့ ဆီးအထိ ပျံ့နှံ့သွားခြင်း စသည့်ဖြစ်စဉ်များကို ဖြစ်စေနိုင်သည်။

ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲခြင်းတို့ကြောင့် ခန္ဓာကိုယ်အနှံ့ မရေမတွက်နိုင်သည့်ရောဂါများ ဖြစ်ပွားနိုင်သည့်အပြင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကာလကြာရှည်စွာသုံးစွဲခြင်းဖြင့် သုံးစွဲသူများ၏ ထက်ဝက်နီးပါးသည် အရွယ်မတိုင်မီ အသက်ဆုံးရှုံးစေကြောင်း တွေ့ရှိရသည်။

ဆေးရွက်ကြီးထွက်ပစ္စည်းကို အငွေ့ထွက်သည့် ဆေးရွက်ကြီးထွက်ပစ္စည်းများ(စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ရေပြောင်း၊ ပွတ်ချွန်း၊ ဘီဒီ စသည့်ပစ္စည်းများ)နှင့် အငွေ့မထွက်သည့် ဆေးရွက်ကြီးထွက်ပစ္စည်းများ (ဗမာဆေး၊ နှပ်ဆေး၊ ဆေးပေါင်း) စသည့် ဆေးများကို ကွမ်းထဲထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည်ဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။

### အားကစားစွမ်းရည် လျော့နည်း

**အန္တရာယ်ကင်းသော၊ စိတ်ချရသော ဆေးလိပ်၊ ဆေးရွက်ကြီးဟူ၍ မရှိ။ ဆေးရွက်ကြီးတွင် ပါဝင်သည့် နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် တဖြည်းဖြည်း ပို၍စွဲလမ်းလာပြီး ဆေးလိပ်မသောက်ရ မနေနိုင်အောင်၊ ကွမ်းမစား/ ဆေးမငုံရ မနေနိုင်အောင် ဖြစ်လာကြသည်။ အသက်ငယ်စဉ်က စတင်သောက်သုံးပါက ဖြတ်ရန် ပိုမိုခက်ခဲစေတော့သည်။ သုံးစွဲခြင်းအားဖြင့် လူငယ်လူရွယ်များတွင် အရွယ်နှင့်မလိုက်အောင် အိုမင်းရင့်ရော်စေနိုင်သလို အရွယ်ကျစေခြင်း၊ အမောမခံနိုင်သည့်အတွက် အားကစားစွမ်းရည် လျော့နည်းစေခြင်းတို့ကိုလည်း ဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရသည်။**

Bad habits should be nipped in the bud ဆိုသည့် အင်္ဂလိပ်စကားပုံတစ်ခုရှိပါသည်။ မကောင်းသည့်အကျင့်ကို ငယ်စဉ်ကပင် ဖျောက်သင့်သည်ဟု နားလည်မိပါသည်။

ဆေးလိပ်၊ ကွမ်းယာသုံးစွဲသည့် အလေ့အကျင့်မရှိအောင် မိမိစိတ်ကို သတိနှင့်ယှဉ်ကာ ထိန်းသိမ်းရန် လိုအပ်သလို သုံးစွဲသည့် အလေ့အကျင့်ရှိနေပါကလည်း လျင်လျင်မြန်မြန် ဖြတ်တောက်ရန် ကြိုးစားသင့်သည်။ နိုင်ငံတိုင်းလိုလိုတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် မိမိတို့စိတ်ဆန္ဒသဘောဖြင့်သာ သုံးစွဲမှုကို ဖြတ်တောက်ကြကြောင်း၊ ဖြတ်တောက်ရန်အတွက် ဆေးဝါးမှီဝဲရန် မလိုအပ်ကြောင်း တွေ့ရှိရသည်။

**အမှန်တကယ်ဖြတ်လိုသည့် မိမိစိတ်ဆန္ဒသည်သာ အဓိက အရေးအကြီးဆုံးဖြစ်သည့်အတွက်**

*စာမျက်နှာ ၁၁ သို့*

**✻ အန္တရာယ်ကင်းသော၊ စိတ်ချရသော ဆေးလိပ်၊ ဆေးရွက်ကြီးဟူ၍ မရှိ။ ဆေးရွက်ကြီးတွင် ပါဝင်သည့် နီကိုတင်း၏စွဲလမ်းစေသော အာနိသင်ကြောင့် တဖြည်းဖြည်း ပို၍စွဲလမ်းလာပြီး ဆေးလိပ်မသောက်ရ မနေနိုင်အောင်၊ ကွမ်းမစား / ဆေးမငုံရ မနေနိုင်အောင် ဖြစ်လာကြသည်။ အသက်ငယ်စဉ်က စတင်သောက်သုံးပါက ဖြတ်ရန် ပိုမိုခက်ခဲစေတော့သည်။ သုံးစွဲခြင်းအားဖြင့် လူငယ်လူရွယ်များတွင် အရွယ်နှင့်မလိုက်အောင် အိုမင်းရင့်ရော်စေနိုင်သလို အရွယ်ကျစေခြင်း၊ အမောမခံနိုင်သည့်အတွက် အားကစားစွမ်းရည် လျော့နည်းစေခြင်းတို့ကိုလည်း ဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရသည်**

# မြန်မာနိုင်ငံတွင် ပိုးသတ်ဆေး ၃၉၆၁ မျိုးကို မှတ်ပုံတင်ခွင့်ပြုပေးထား

နေပြည်တော် မေ ၂၁

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၃၃) ကြိမ်မြောက် အစည်းအဝေးကို မေ ၂၀ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပိုးသတ်ဆေး သုံးစွဲသူများ ဘေးအန္တရာယ် ကင်းရှင်းရန်၊ စားသုံးသူများနှင့် သဘာဝ ပတ်ဝန်းကျင် ဘေးအန္တရာယ် ကင်းရှင်းရန်တို့ကို ရည်ရွယ် ပြဋ္ဌာန်းထားသော ပိုးသတ်ဆေး ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့် တောင်းခံလာသည့် ပိုးသတ်ဆေးများနှင့် ပတ်သက်၍ သုံးစွဲမည့် သီးနှံများနှင့် ပိုးမွှားရောဂါများအပေါ် ထိရောက်မှု၊ ဓာတ်ကြွင်း အာနိသင်နှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး စိစစ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သီးနှံအထွက်နှုန်းတိုးရေးသာမက စားသုံးသူဘေးကင်းလုံခြုံရေးနှင့် ပြည်ပဈေးကွက်၏ သတ်မှတ်စံနှုန်းများနှင့် ညီညွတ်သည့် စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်နိုင်ရေးသည် ပိုးသတ်ဆေးများအပေါ် များစွာတည်မှီနေကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေး စုစုပေါင်း ၃၉၆၁ မျိုးကို မှတ်ပုံတင်ခွင့်ပြုပေးထားပြီး ယနေ့ ကျင်းပသည့် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၃၃) ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေး အမျိုးပေါင်း ၁၅၂ မျိုး၏ နည်းပညာအချက်အလက်များအပေါ် စိစစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးမှတ်ပုံတင်လုပ်ငန်းများအပြင် တင်သွင်းတင်ပို့ ထုတ်လုပ်သိုလှောင် ဖြန့်ချိရောင်းဝယ်ခြင်း လုပ်ငန်းများတွင် အရည်အသွေး စံချိန်စံညွှန်းများ ကိုက်ညီရေး၊ အတုအပ ကင်းစင်ရေးအတွက် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ ပိုးသတ်ဆေး စနစ်တကျ သုံးစွဲရေးအတွက် ပညာပေးခြင်း လုပ်ငန်းများ၊ ပိုးသတ်ဆေး ဓာတ်ခွဲခန်းများ တိုးချဲ့ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

**လူနေမှုလောက၌ လူမိုက်လူယုတ်မာ ဒုစရိုက်အဖျက်သမားများ၊ နိုင်ငံရေးမသမာသူများ၊ အမျိုးသားသစ္စာဖောက် သူခိုးဓားရိုးကမ်းသူများ၊ အမေကိုကျော်၍ ဒွေးတော်လွမ်းသူများ၊ ခေါင်းဆောင်တု၊ ခေါင်းဆောင်ယောင်များ၊ ဆရာတု ဆရာယောင်၊ မိတ်ဆွေတု မိတ်ဆွေယောင်တို့သည် သူတို့၏ အယူအဆများ၊ အပြောအဆိုများ၊ အလုပ်အကြံများတို့ဖြင့် မိမိကိုယ်ကို သာမက မိမိနှင့် ဆက်နွှယ်ပေါင်းဖက်မိသူမှန်သမျှကိုပါ ကူးစက်ဒုက္ခပေးမည်သာ ဖြစ်ပါသည်။**

ဗုဒ္ဓဝင်သာဓကေအားဖြင့် အဇာတသတ်မင်းသားသည် သူယုတ်မာ ရှင်ဒေဝဒတ်ကို အထင်ကြီးကာ ဆရာတင်မှားမိခဲ့၍ မွေးသဖခင် ကျေးဇူးရှင် ဗိမ္ဗိသာရမင်းကို သတ်မိန့်ပေးခဲ့ခြင်းဖြစ်သည်။ အင်္ဂုလိမာလသည်လည်း မိမိ၏ဆရာဖြစ်သူ ဒိသာပါမောက္ခကြီးက မိမိ၏ဇနီးနှင့် အထင်လွဲမှား၍ လူဆိုးဖြစ်အောင် တွန်းပို့တိုက်တွန်းခဲ့ခြင်းကြောင့် လက်ညှိုးပေါင်း တစ်ထောင် မပြည့်ပြည့်အောင် ရှာဖွေပြီး လူသတ်သမားကြီးဘဝသို့ ရောက်သွားခဲ့ရရှာသည်။ သူတို့သည် ဂေါတမ မြတ်ဗုဒ္ဓသခင်နှင့် တွေ့ဆုံပြီး အမှန်တရား အဆုံးအမခံယူရရှိတော့မှသာ အကျွတ်တရားရရှိကာ သူတော်စင်များ ဖြစ်ခဲ့ကြရသည်။

ဤနေရာတွင် စပ်လျဉ်း၍ စာရေးသူတို့နိုင်ငံတွင် လွန်ခဲ့သည့် နှစ်(၅၀)ဝန်းကျင်က ခေါင်းဆောင်တု၊ ခေါင်းဆောင်ယောင် မသမာသည့် နိုင်ငံရေးအကြမ်းဖက်သမားများ၏ ဖြားယောင်းသိမ်းသွင်းမှုကို တစ်ဖက်သတ် မျက်စိမှိတ်၍ ယုံကြည်မိခဲ့ကြသည်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူအချို့၊ အထက်တန်း ကျောင်းသား ကျောင်းသူအချို့ တောခိုပြီး ဗကပတို့၏ လက်ထဲသို့ ရောက်ရှိသွားခဲ့ကြရာ အရှင်လတ်လတ် ဖမ်းချုပ်ထားကာ လည်မျိုကို တုတ်ဖြင့် ရက်ရက်စက်စက် ရိုက်သတ်ခဲ့ကြသည့် ဖြုတ်ထုတ်သတ်စီမံကိန်းနှင့် ဟာသ်ာ ကိုးသောင်း ဓာတ်ခင်းခဲ့ကြသည့် လက်တွေ့အနိဋ္ဌာရုံအဖုံဖုံကို အကျဉ်းဥဒ္ဒေသအဖြစ် တင်ပြလိုပါသည်။

ထိုစဉ်က ပဲခူးရိုးမတောနက်ကြီး ထဲဝယ် ခိုလှုံစခန်းချ စိုးမိုးနေခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှာ သခင်သန်းထွန်း(ဂျပန်ခေတ် အစိုးရအဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီး) ဖြစ်သည်။ သူ၏ဇနီးမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်၏ အစ်မဖြစ်၍ ဗိုလ်ချုပ်နှင့် သခင်သန်းထွန်းတို့မှာ မယားညီအစ်ကိုများ ဖြစ်ကြသည်။ ဖဆပလဥက္ကဋ္ဌကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရရှိရန် ဗြိတိန်ဝန်ကြီးချုပ်“ကလီမင့်အက်တလီ” နှင့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေစဉ် သခင်သန်းထွန်းက မလိုလားဖြစ်ပြီး ဗိုလ်ချုပ် ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်နှင့် အလုပ်သမားအချို့၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူအချို့နှင့် ထိပ်တိုက်တွေ့ရန် ရည်ရွယ်ချက်ဖြင့် ဆူပူဆန္ဒပြခိုင်းသောကြောင့် ဗိုလ်ချုပ်က သခင်သန်းထွန်းအား ဖဆပလ အဖွဲ့ချုပ်မှ ထုတ်ပယ်ခဲ့ရသည်။

တော်လှန်ရေးကောင်စီ(တပ်မတော်အစိုးရ) လက်ထက်တွင် တောခိုဗကပအား ငြိမ်းချမ်းရေး ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီး ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီးတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။

ထိုဆွေးနွေးပွဲကြီးတွင် ဗကပတို့၏ တစ်ဖက်သတ် နိုင်ငံရေး ဈေးဆစ်တောင်းဆိုမှုများကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီး မအောင်မမြင် ဖြစ်ခဲ့ရသည်။ *(ဆက်လက်ဖော်ပြပါမည်)*

---

*စာမျက်နှာ ၁၀ မှ*

**ဆေးလိပ်၊ ကွမ်းယာ စတင်ဖြတ်မည့် နေ့ရက်ကို ရွေးချယ်သတ်မှတ်ပါ။ အလုပ်ရှုပ်သောရက်၊ တာဝန်ပိသောရက် မဖြစ်ပါစေနှင့်။ စိတ်လွတ်ကိုယ်လွတ်ရှိသောနေ့ ဖြစ်ပါစေ။ ထိုနေ့ကို ထူးခြားသောနေ့တစ်နေ့အဖြစ် အသိအမှတ်ပြုပြီး ဆေးလိပ်မသောက်သောနေ့၊ ကွမ်းမစားသောနေ့များစွာ ဖြစ်ပေါ်ပါစေ။ မိတ်ဆွေ သူငယ်ချင်းအသိုင်းအဝိုင်းတွင် ဆေးလိပ်၊ ကွမ်းယာ ဖြတ်မည့်သူ ရှိ/မရှိ စုံစမ်းပါ။ဆက်သွယ်၍ တိုင်ပင် ပြောဆိုပါ။ ဖြတ်သည့်ရက်ပေါင်း များလာသည်နှင့် ဆေးလိပ်သောက်ချင်စိတ်၊ ကွမ်းစားချင်စိတ်ကို မိမိကိုယ်တိုင် ထိန်းချုပ်လာနိုင်မည်။**

### ဖြတ်တောက်ရန် နည်းလမ်းများ

ထို့ပြင် ခင်မင်သောမိတ်ဆွေ အပေါင်းအသင်းများထံ သွားရောက်လည်ပတ်ပါ။ စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်းနှင့် အခြားဝါသနာပါသည်များ ဆောင်ရွက်ပါ။ အချိန်မှန်မှန်စားပါ၊ အိပ်ပါ။ မိတ်ဆွေ၊ သူငယ်ချင်းများက ဆေးလိပ်ပေးလာလျှင်၊ သောက်ရန် တိုက်တွန်းလျှင် ငြင်းဆိုပါ။ ဆေးလိပ်သောက်လိုသည့်စိတ်ကို ထိန်းချုပ်နိုင်ရန် မျက်စိပိတ်၊ အသက်မှန်မှန်ရှူ၍ ခေတ္တခဏနားနေပါ၊ ဆေးလိပ်၏ဆိုးကျိုးများနှင့် လူ့သက်တမ်းစေ့ မနေရဘဲ အသက်တိုနိုင်သည်ကို စဉ်းစားပါ။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း မှန်မှန်လုပ်ပါ။ ဆေးလိပ်ဖြတ်သည့်အတွက် ရရှိလာမည့်ကောင်းကျိုးများကို ရေတွက်ကြည့်ပါ၊ ချရေးကြည့်ပါ၊ မိမိကိုယ်မိမိ တွန်းအားပေးပါ စသည့် နည်းလမ်းများသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကို ဖြတ်တောက်ရန် ပံ့ပိုးပေးနိုင်သည့်နည်းလမ်းများ ဖြစ်သည်။

**◆ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ဖြတ်တောက်ခြင်းကြောင့် ဆေးလိပ်သောက်ချင်စိတ်ပေါ်ခြင်း၊ တစ်ခါတစ်ရံ ခေါင်းကိုက်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ဂနာမငြိမ်ခြင်း၊ အိပ်မပျော်ခြင်း၊ နေ့ညမှားခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဝလာနိုင်ခြင်း စသည့်ခံစားမှု ဝေဒနာများ ဖြစ်ပေါ်လာနိုင်သော်လည်း နှစ်-သုံးပတ်ကြာတွင် ဆေးလိပ်ဖြတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားချက်များ ပြေပျောက်သွားမည်။ ဆေးလိပ်၊ ဆေးရွက်ကြီး ဖြတ်တောက်နေစဉ် ကာလအတွင်း ပြန်လည်သုံးစွဲမိပါက မအောင်မြင်တော့ဟု မယူဆသင့်ပါ။ တစ်ကြိမ် ပြန်လည်သုံးစွဲမိရုံမျှနှင့် အားမလျှော့သင့်ပါ။ ယခုတစ်ကြိမ် ပြန်လည်သုံးစွဲမိခြင်းကို နမူနာယူပြီး နောက်တစ်ကြိမ် ပြန်မသုံးစွဲမိအောင် ကြိုးစားပါ**

နှုးရိုင်းနှင့်တူသောစိတ်ကို လွှတ်မပေးဘဲ ကောင်းတဲ့ဘက်ကို ရောက်အောင်၊ ကြံ့ကြံ့ခံ ဖြတ်တောက်နိုင်အောင် အသက်ပြင်းပြင်းရှူသွင်းပါ၊ ထို့နောက် ဖြည်းဖြည်းပြန်ထုတ်ပါ၊ ငါးကြိမ်ခန့် ပြုလုပ်ပါ။ သက်သောင့်သက်သာအနေအထားနှင့် ထိုင်ပါ၊ မျက်စိပိတ်၍ စိတ်ကိုလျှော့ချပါ “ငါဆေးလိပ် ဖြတ်နိုင်ရမည်”ဟု မိမိကိုယ်ကိုယ် ပြောကြားပါ၊ ယုံကြည်မှုရှိပါ။ သီချင်းနားထောင်ခြင်း၊ စာဖတ်ခြင်း၊ လမ်းလျှောက်ခြင်း၊ မိတ်ဆွေများနှင့် ဖုန်းပြောခြင်း ပြုလုပ်ပါ၊ စကားစမြည်ပြောခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

ထို့ပြင် ပီကော၊ နေကြာစေ့၊ သစ်သီးခြောက် တို့ကို အပျင်းပြေဝါးပါ။ ရေ၊ သစ်သီးဖျော်ရည်တို့ ပိုမိုသောက်သုံးပါ။ လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းဖြင့် စိတ်ဖိစီးမှု လျော့ကျစေနိုင်သည့်အပြင် ခန္ဓာကိုယ်အလေးချိန်မတိုးအောင် ထိန်းထားနိုင်မည်ဖြစ်သည်။

### ပြန်မသုံးစွဲမိအောင် ကြိုးစား

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ဖြတ်တောက်ခြင်းကြောင့် ဆေးလိပ်သောက်ချင်စိတ်ပေါ်ခြင်း၊ တစ်ခါတစ်ရံ ခေါင်းကိုက်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ဂနာမငြိမ်ခြင်း၊ အိပ်မပျော်ခြင်း၊ နေ့ညမှား ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဝလာနိုင်ခြင်း စသည့် ခံစားမှု ဝေဒနာများ ဖြစ်ပေါ်လာနိုင်သော်လည်း နှစ်-သုံးပတ်ကြာတွင် ဆေးလိပ်ဖြတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားချက်များ ပြေပျောက်သွားမည်။ ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်တောက်နေစဉ် ကာလအတွင်း ပြန်လည်သုံးစွဲမိပါက မအောင်မြင်တော့ဟု မယူဆသင့်ပါ။ တစ်ကြိမ် ပြန်လည်သုံးစွဲမိရုံမျှနှင့် အားမလျှော့သင့်ပါ။ ယခု တစ်ကြိမ်ပြန်လည်သုံးစွဲမိခြင်းကို နမူနာယူပြီး နောက်တစ်ကြိမ် ပြန်မသုံးစွဲမိအောင် ကြိုးစားပါ။

ဖြတ်တောက်မှု အောင်မြင်သွားလျှင် ဘဝသစ် စတင်နိုင်ပြီ ဖြစ်သည်။ မိမိစိတ်ကို အောင်နိုင်ပြီး ဆေးလိပ်ဖြတ်လိုက်သူ၊ ဆေးရွက်ကြီးသုံးစွဲမှု ရပ်လိုက်သူ များစွာရှိနေပြီဖြစ်ရာ အခြားသူများကဲ့သို့ မိမိလည်း လုပ်နိုင်ရမည်ဆိုသော ယုံကြည်ချက်ထား၍ စိတ်နှင့်လွန်ဆွဲ အခက်အခဲများကြားမှ ကျော်ဖြတ်ထွက်ခဲ့ပါဟု တိုက်တွန်းချင်ပါသည်။

မိသားစုများအနေဖြင့်လည်း သင်ချစ်ခင်ရသူတစ်ဦး အချိန်မတိုင်မီ ရောဂါဖြစ်ပွားခြင်း၊ အသက်ဆုံးရှုံးခြင်းကို လိုလားမည်မဟုတ်ပါ။ ထို့ကြောင့် ဆေးလိပ်ဖြတ်ရန်၊ ကွမ်းဖြတ်ရန် တိုက်တွန်းပါ၊ အကူအညီပေးပါ၊ အမြဲရှောင်ရှားနိုင်အောင် တွန်းအားပေးပါဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

# နှစ်ဖက်သဘောတူမှုဖြင့်အစ္စရေးနှင့် ပါလက်စတိုင်းတို့ အပစ်အခတ်ရပ်စဲမှုစတင်

ဂျေရုဆလင် မေ ၂၁

အစ္စရေးနှင့် ပါလက်စတိုင်းစစ်သွေးကြွအုပ်စု ဟားမားစ်တို့အကြား ၁၁ ရက်ကြာ ကြောက်မက်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှုကို အဆုံးသတ်တော့မည်ဖြစ်သည်။ အစ္စရေးအစိုးရအဖွဲ့က မေ ၂၀ ရက် ညပိုင်းတွင် အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူခဲ့သည်။ အပစ်အခတ်ရပ်စဲရေးမှာ စတင်အသက်ဝင်ပြီ ဖြစ်သည်။ အခြားသော နိုင်ငံများကလည်း အကူအညီပေးမည်ဟု ကတိပြုခဲ့ကြသည်။

သို့သော်လည်း သဘောတူညီမှု ပျက်ယွင်းသွားပါက လက်စားချေပစ်ခတ်မှုများ ထပ်မံပေါ်ပေါက်လာမည်ကို နှစ်ဖက်စလုံးက စိုးရိမ်နေကြရသည်။ ဂါဇာကမ်းမြောင်ဒေသမှ ပြည်သူများအနေဖြင့် ပွဲကျင်းပရန် လမ်းပေါ်သို့ ထွက်လာကြသည်။ ပြီးခဲ့သည့် ၁၁ ရက်ကြာတိုက်ပွဲအတွင်း တိုက်ခိုက်မှုများမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဦးတည်ခဲ့သည်။


အပစ်အခတ်ရပ်စဲရေးမှာ နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြစ်ပြီး ခြွင်းချက်မရှိဟုလည်း အစ္စရေးအစိုးရက ပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသကို ဟားမားစ်တို့က ထိန်းချုပ်ထားသည်။ အပစ်အခတ်ရပ်စဲရေးမှာ အမေရိကန်ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်နှင့် အီဂျစ်၏ ကြားဝင်ဆောင်ရွက်ပေးမှုတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကလည်း ပါလက်စတိုင်းနှင့် အစ္စရေးတို့သည် လုံခြုံစိတ်ချစွာ လွတ်လပ်စွာ အသက်ရှင်သန် ရပ်တည်ရန် သာတူညီမျှ ထိုက်တန်မှုရှိသည်ဟု ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်ကလည်း အစ္စရေးနှင့် ပါလက်စတိုင်းတို့ နှစ်ဖက်စလုံး နောက်တစ်ဆင့်ကို မျှော်မှန်းကြည့်ကြရန် တိုက်တွန်းခဲ့သည်။ တစ်ကမ္ဘာလုံးမှ နိုင်ငံများသည်လည်း တိုက်ပွဲများအဆုံးသတ်ရန်အတွက် တွန်းအားပေးလျက်ရှိသည်။ ပြီးခဲ့သည့် အပစ်အခတ်ရပ်စဲမှုမှာ ရက်အနည်းငယ်အတွင်း ပျက်စီးသွားရသည်။

အင်န်အိတ်ချ်ကေ



အပစ်အခတ်ရပ်စဲလိုက်သည့်အတွက် လမ်းပေါ်ထွက်ကာပျော်ရွှင်နေကြသည့် ပါလက်စတိုင်းပြည်သူများကို တွေ့ရစဉ်။



အမေရိကန်သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးနေစဉ်။

## မုန်းတီးမှုကြောင့်ဖြစ်ပေါ်လာရသည့်ရာဇဝတ်မှု ဥပဒေကြမ်းကို ဥပဒေအဖြစ်သို့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ထိုး

ဝါရှင်တန် မေ ၂၁

ကိုဗစ် - ၁၉ ကပ် ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ အာရှ အမေရိကန်များအပေါ် ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာပြီးနောက် အမုန်းတရားကို အခြေခံ၍ဖြစ်ပေါ်လာသည့် ရာဇဝတ်မှုအတွက် ဥပဒေကြမ်းကို အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ဥပဒေအဖြစ်သို့ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လူမျိုးရေးခွဲခြားမှု အပေါ်အခြေခံကာ အမုန်းတရားကြောင့် ဖြစ်ပေါ်လာရသည့် ရာဇဝတ်မှုများကို တားဆီးနိုင်ရန် ရည်ရွယ်ပြီး အမေရိကန် လွှတ်တော်က ဥပဒေကြမ်းကို အတည်ပြုပေးလိုက်ခြင်း ဖြစ်သည်။

ဥပဒေအဖြစ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၂၀ ရက်တွင် ပြုလုပ်ခဲ့ပြီး ရာစုနှစ်ပေါင်းများစွာကတည်းက အာရှ အမေရိကန်များ၊ ဟာဝေရီယန်းများ၊ ပစိဖိတ်ကျွန်းသားများနှင့် အမျိုးမျိုးသော အသိုက်အဝန်းများက ဤနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် ကူညီခဲ့ကြပြီး ယင်းအချက်မှာ မေ့လျော့ခံဖြစ်လာရကြောင်း၊ ဆိတ်ဆိတ်နေခြင်းသည်လည်း ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့်အတွက် ထုတ်ဖော်ပြောကြားရန်နှင့် အရေးတယူဆောင်ရွက်ရန်လည်း လိုအပ်သည်ဟု အခမ်းအနားတွင် သမ္မတဂျိုးဘိုင်ဒင်က ပြောကြားသည်။

ဒေသခံအစိုးရများက ရဲများကို သင်တန်းပေးမည်ဟုလည်း ဘိုင်ဒင်က ပြောသည်။ သို့သော်လည်း လူ့အခွင့်အရေး အုပ်စုများက ပိုမိုပြင်းထန်သည့် အရေးယူဆောင်ရွက်မှုမျိုးကို ပြုလုပ်ရန် တောင်းဆိုထားသည်။

အင်န်အိတ်ချ်ကေ

## အေသင်မြို့အနောက်ဘက်တွင် တောမီးလောင်မှုပြင်းထန်လာသည့်အတွက် အခြေအနေခက်ခဲလာနိုင်သည်ဟု ဂရိအာဏာပိုင်များသတိပေး

အေသင် မေ ၂၁

မေ ၁၉ ရက်က ပြင်းထန်စွာလောင်နေသည့် တောမီးမှာ အေသင်မြို့အနောက်ဘက်ရှိ ပင်လယ်ကမ်းခြေဘက် အပန်းဖြေစခန်းအနီးတွင် ဆက်လက်လောင်နေဆဲဖြစ်သည့်အတွက် နောက်ထပ် ခက်ခဲသည့် ညများကို ဖြတ်ကျော်ရဖွယ်ရှိသည်ဟု ဂရိပြည်သူ့ကာကွယ်ရေးနှင့် ပဋိပက္ခစီမံခန့်ခွဲမှု ဒုတိယဝန်ကြီး နီကိုစ်ဟာဒယ်လီယက်စ်က ပြောသည်။

ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ အသက်ဆုံးရှုံးမှု မရှိစေရေး၊ မီးငြိမ်းသတ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးနိုင်ရေး ရှန်းကန်ကြိုးစားလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တောမီးလောင်မှုကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိသော်လည်း ပျက်စီးသွားသည့် နေအိမ်များရှိကြောင်း အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ




တောမီးလောင်မှုကိုငြိမ်းသတ်နေသည့် မီးသတ်သမားတစ်ဦးကို တွေ့ရစဉ်။

## ဗြိတိန်၌ အိန္ဒိယတွင်တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၄၀၀ ကျော် တွေ့ရှိ

လန်ဒန် မေ ၂၁

ဗြိတိန်၌လည်း အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် -၁၉ကူးစက်ခံရသူ ၃၄၂၄ ဦး တွေ့ရှိခဲ့သည်ဟု မေ ၂၀ ရက်တွင် အင်္ဂလန်ပြည်သူ့ကျန်းမာရေးက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ B1617.2 ဟု အမည်ပေးထားသည့် ကိုဗစ် -၁၉ မှာ ပို၍ကူးစက်မြန်သည်ဟု ယူဆထားသည်။

ယင်းဗီဇပြောင်း ကိုဗစ် -၁၉ကို အိန္ဒိယတွင် ပထမဦးဆုံးထောက်လှမ်းတွေ့ရှိပြီးနောက် နေရာအတော်များများတွင် ဆေးစစ်ပေးမှုနှင့်ကာကွယ်ဆေးထိုးပေးမှုတို့ကို လုပ်ဆောင်ခဲ့ကြသည်။ မေ ၁၉ ရက်က ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၉၆၇ ဦးတွေ့ရှိခဲ့သည်ဟု ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့က ပြောသည်။ အဆိုပါဗိုင်းရပ်စ်မှာ ကာကွယ်ဆေးမထိုးရသေးသူများအကြား လျင်မြန်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ဟုလည်း ၎င်းက သတိပေးပြောကြားခဲ့သည်။

အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ်- ၁၉ကြောင့် ဗြိတိန်တွင် နောက်ထပ် ကူးစက်မှု ဖြစ်လာနိုင်သည်ဟု ဗြိတိန်နိုင်ငံ၏ အစိုးရသိပ္ပံအကြံပေးတစ်ဦးက မေ ၂၀ ရက်အစောပိုင်းတွင် ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံတွင် လူပေါင်း ၃၇ ဒသမ ၂ သန်းနီးပါး အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကျော်ကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်းသိရသည်။ မေ ၁၇ ရက်မှစတင်ကာ အင်္ဂလန်ရှိ အရက်ဆိုင်၊ ဘားနှင့် စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည်။ ထို့ပြင် အစိမ်းရောင်နယ်မြေအဖြစ် သတ်မှတ်ထားသော နိုင်ငံများသို့ ခရီးသွားနိုင်ပြီဖြစ်သည်။

ဆင်ဟွာ

## သြစတြေးလျတွင် အသက် ၅၀ကျော်များ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရာတွင်နှောင့်နှေးမှု မရှိရေး သတိပေး

ကင်ဘာရာ မေ၂၁

အသက် ၅၀နှင့်အထက် သြစတြေးလျနိုင်ငံသားများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာတွင် နှောင့်နှေးမှုများ မဖြစ်ပေါ်စေရေးအတွက် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးထားသည်။ သွေးခဲမှုဖြစ်စဉ်ပေါ်ပေါက်သည်ဟူသော ကြောက်ရွံ့မှုများရှိနေသော်လည်း ကာကွယ်ဆေးထိုးရာတွင် နှောင့်နှေးမှုများမရှိရန် သတိပေးထားသည်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းရှိ ထိခိုက်မှုလွယ်သော လူများကို ကာကွယ်ပေးရန် အကောင်းဆုံးနည်းလမ်းမှာ ကာကွယ်ဆေးထိုးခြင်းပင်ဖြစ်သည်၊ အထူးသဖြင့် အသက် ၇၀ ကျော်များ ထိုးရန်လိုအပ်သည်ဟု သြစတြေးလျဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းဥက္ကဋ္ဌဖြစ်သူ အိုမာကိုလ်းရှစ်က ပြောသည်။ မေ ၂၁ရက် နံနက်ပိုင်းအထိ သြစတြေးလျနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃ ဒသမ ၃၈သန်းရှိပြီဟု သိရသည်။

ဆင်ဟွာ

# အာရှပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပိုမိုတိုးလာ

**ဟောင်ကောင် မေ ၂၁**

အာရှပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပိုပိုတိုးလာပြီး သေဆုံးမှုများ မြင့်တက်လာသောကြောင့် အမြင့်ဆုံးသတိထားမှုများ ဆက်လက်ပြုလုပ်နေရသည်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၉၉၅၁ ဦး တိုးလာသောကြောင့် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆ သန်း ကျော်လွန်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၄၂၀၉ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၉၁၃၃၁ ဦးအထိ ရောက်ရှိလာသည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၃၀၂၇၉၂၅ ဦး ရှိသည်။

## မလေးရှား

မလေးရှားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄၉၃ ဦးတိုးလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၉၈၇၉၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ဒေသတွင်းကူးစက်ဖြစ်ပွားသူ ၆၄၉၁ ဦးရှိပြီး ပြည်ပကူးစက်သူ နှစ်ဦးရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

နောက်ထပ် ကိုဗစ်-၁၉ ကပ်ရောဂါဖြင့်သေဆုံးသူ ၅၀ တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြင့်သေဆုံးသူ ၂၁၄၉ ဦးရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၄၄၄၅၄၀ သို့မဟုတ် ၈၉ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၂၅၈ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၁၇၁၄၀၃ ဦးရှိလာသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် ၁၄၁ ဦးထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၁၉၇၆၃ ဦးဖြစ်လာကြောင်း ကျန်းမာရေးဌာနက ပြောသည်။ မေ ၂၁ ရက်က ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက စုပေါင်းညှိနှိုင်းမှုများနှင့်အတူ ဘက်ပေါင်းစုံတုံ့ပြန်မှုအတွက် ကြီးကျယ်နက်ရှိုင်းသော စည်းလုံးညီညွတ်မှုရှိရန် တိုက်တွန်းပြောကြားလိုက်သည်။

## အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၇၄၆ ဦး တိုးလာရာ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၆၄၆၄၄ ဦးရှိလာခဲ့သည်။ ထို့အပြင် သေဆုံးသူ ၁၈၆ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၄၉၀၇၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ ကိုဗစ်-၁၉ ကင်းစင်သွားသူ ၁၆၂၆၁၄၂ ဦးရှိလာကြောင်း သိရသည်။

## ထိုင်း

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေအကောင်းဘက်သို့ တိုးတက်လာသည့် လက္ခဏာမတွေ့ရသောကြောင့် ဇူလိုင်လကုန်အထိ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ထပ်မံတိုးမြှင့်လိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုကို တားဆီးထိန်းချုပ်ရန် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ အရေးပေါ် အခြေအနေပြဋ္ဌာန်းချက်ကို ဇူလိုင် ၃၁ ရက်အထိ ထပ်မံတိုးမြှင့်ရန် ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးဌာနက မေ ၂၁ ရက်က သဘောတူခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ တာဝီဆင်ဝီဆာနုယိုသင်က ပြောကြားလိုက်သည်။

မေ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၄၈၁ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၂၃၀၆၆ ဦး ရှိလာသည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၃၂ ဦး ထပ်မံသေဆုံးလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၇၃၅ ဦး ရှိလာကြောင်း ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်လိုက်သည်။

မေ ၂၀ ရက်အထိ ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၆၄ သန်းကျော် ထိုးနှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ၎င်းတို့အနက် ၉၂၀၀၀၀ ကျော်ကို ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးခဲ့ပြီး လူဦးရေ ၁ ဒသမ ၇ သန်းကျော်ကို ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် ထပ်မံသေဆုံးသူ ၁၀၂ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၀၀၀၀ ကျော်အထိ ရောက်ရှိလာခဲ့ကြောင်း အမျိုးသားကွပ်ကဲအုပ်ချုပ်ရေးနှင့် စစ်ဆင်ရေးဌာနက ထုတ်ပြန်ဖော်ပြသော သတင်းအချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ဆန်းသပ်စစ်ဆေးမှု ၅၁၅၂၈ ခုကို ပြုလုပ်ခဲ့ရာ ၃၀၇၀ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၈၉၃၄၆၁ ဦး ရှိလာခဲ့သည်။

## တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၆၁ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၃၄၆၇၈ ဦး တိုးလာခဲ့သည်။ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၁၇၁ ဦးမှာ ဆိုးလ်မှဖြစ်ကာ ၁၆၁ ဦးမှာ ခြုံဂိုပြည်နယ်မှဖြစ်သည်။ ၁၉ ဦးမှာ ပြည်ပကူးစက်သူများဖြစ်သည်။

သေဆုံးသူ ခြောက်ဦးရှိကြောင်း ထပ်မံဖော်ပြမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၁၉၂၂ ဦး ရှိလာသည်။

## ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၆၀ ရှိကြောင်းဖော်ပြခဲ့ရာ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၂၄၁၅၇ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ၈၂၄ ဦး ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာနိုင်သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၁၆၅၂၄ ဦး ရှိလာကြောင်း သိရသည်။ ထို့အတူ ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၁၆၅ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

## ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ် ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၀၄ ဦးနှင့် ထပ်မံသေဆုံးသူ ၂၆ ဦးရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၇၈၆၆၉၈ ဦးနှင့် သေဆုံးသူ ၁၂၃၁၀ ရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၇၂၉၀၃၉ ဦး ရှိလာပြီဖြစ်သည်။ လတ်တလောတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်-၁၉ သေဆုံးနှုန်းမှာ ၁ ဒသမ ၅၆ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကောင်းမွန်လာနှုန်းမှာ ၉၂ ဒသမ ၆၇ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သားသေဆုံးခဲ့သည့်အတွက် ဝမ်းနည်းပူဆွေးနေသော မိခင်တစ်ဦးကို တွေ့ရစဉ်။



စင်ကာပူနိုင်ငံ၏ အထိမ်းအမှတ်နေရာတစ်ခုဖြစ်သည့် မာလိုင်းယွန်းအနီး နှာခေါင်းစည်းတပ်ဆင်ထားသည့် ပြည်သူတစ်ဦး လာရောက်အပန်းဖြေနေသည်ကို တွေ့ရစဉ်။

# ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်မျိုးကို တရားဝင်အတည်ပြု

**တိုကျို မေ ၂၁**

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် အမေရိကန်ဆေးဝါးထုတ်လုပ်သူ မော်ဒါနာကုမ္ပဏီနှင့် ဗြိတိန်၏ အက်စ်ထရာဇနီကာ ကုမ္ပဏီတို့က တီထွင်ကြံဆထုတ်လုပ်လိုက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးကို တရားဝင်အတည်ပြုလိုက်ကြောင်းနှင့် ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အတည်ပြုလိုက်သည့်အတွက် နိုင်ငံအတွင်း ကာကွယ်ဆေးဖြန့်ချိမှုများတွင် ပိုမိုသွက်လက်မြန်ဆန်လာမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားသစ်နှစ်မျိုးကို အသက် ၁၈ နှစ်နှင့်ယင်းအထက်အသက်ကြီးသူများအတွက် အတည်ပြုပေးလိုက်သည်။ ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမအကြိမ်ထိုးပြီး သီတင်းပတ်အတော်ခြားပြီးမှ နောက်ထပ်တစ်ကြိမ် ထိုးနှံခံရမည်ဖြစ်ကြောင်း သိရသည်။

မော်ဒါနာကိုဗစ်-၁၉ ကာကွယ်ဆေးကို တိုကျိုနှင့် အိုဆာကာတွင် လာမည့်သီတင်းပတ်၌ ဖွင့်လှစ်မည့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ စီမံကွပ်ကဲလျက်ရှိသော ကာကွယ်ဆေးထိုးဌာနများတွင် အသုံးပြုသွားမည်ဖြစ်သည့်အပြင် ဒေသအဆင့် ကာကွယ်ဆေးထိုးဌာနများတွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။

ဆင်ဟွာ

❈ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၆၀) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၂) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၀) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၅) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၄) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၁) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၁၂) ခု | (၅) ဦး |
| **စုစုပေါင်း** | (၁,၃၇၇) ခု | (၂၈) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၂၁-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၃၃၉၂၆ | ၂၇၃၅၈၆၈၅ | ၆၀၂၆၃၃ |
| ၂။ | အိန္ဒိယ | ၂၆၂၈၉၂၉ | ၂၂၉၉၈၉၃ | ၂၉၄၇၉၄ |
| ၃။ | ဘရာဇီး | ၁၅၈၉၈၅၅၈ | ၁၄၃၈၅၉၆၂ | ၄၄၄၃၉၁ |
| ၄။ | ပြင်သစ် | ၅၅၆၈၅၅၁ | ၅၁၆၂၆၂၄ | ၁၀၈၃၁၄ |
| ၅။ | တူရကီ | ၅၁၆၀၄၂၃ | ၄၉၈၉၇၈၇ | ၄၅၆၂၆ |
| ၆။ | ရုရှား | ၄၉၈၃၈၄၅ | ၄၆၀၁၁၂၀ | ၁၁၇၇၃၉ |
| ၇။ | ဗြိတိန် | ၄၄၅၂၂၁ | ၄၂၈၅၈၈၈ | ၁၂၇၇၀၁ |
| ၈။ | အီတလီ | ၄၁၇၈၂၆၁ | ၃၇၅၃၉၆၅ | ၁၂၄၈၁၀ |
| ၉။ | ဂျာမနီ | ၃၆၄၀၀၈၅ | ၃၃၇၄၆၀၀ | ၈၇၆၆၇ |
| ၁၀။ | စပိန် | ၃၆၃၁၆၆၁ | ၃၃၅၆၂၇၂ | ၇၉၆၀၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၆၄၆၄၄ | ၁၆၂၆၁၄၂ | ၄၉၀၇၃ |
| ဖိလစ်ပိုင် | ၁၁၇၁၄၀၃ | ၁၀၉၆၁၀၉ | ၁၉၇၆၃ |
| မလေးရှား | ၄၉၈၇၉၅ | ၄၄၄၅၄၀ | ၂၁၄၉ |
| မြန်မာ | ၁၄၃၂၁၁ | ၁၃၂၁၆၉ | ၃၂၁၆ |
| ထိုင်း | ၁၂၃၀၆၆ | ၇၉၅၀၄ | ၇၃၅ |
| စင်ကာပူ | ၆၁၇၇၀ | ၆၁၂၂၉ | ၃၂ |
| ကမ္ဘောဒီးယား | ၂၄၁၅၇ | ၁၆၅၂၄ | ၁၆၅ |
| ဗီယက်နမ် | ၄၉၄၁ | ၂၆၈၉ | ၄၁ |
| လာအို | ၁၇၆၃ | ၈၀၀ | ၂ |
| ဘရူနိုင်း | ၂၃၅ | ၂၂၂ | ၃ |

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မေ ၁၇ ရက်မှ ၂၁ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄ ဒသမ ၅၃၀ သန်း ဖြစ်သည်။ မေ ၂၁ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၇–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၈၀၂,၅၆၃,၆၁၅.၃၉ |
| (+) ၁၇–၅–၂၀၂၁ မှ ၂၁–၅–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၄,၅၃၀,၀၀၀.၀၀ |
| **၂၁–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၃၀,၈၀၇,၀၉၃,၆၁၅.၃၉** |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၇–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+) ၁၇–၅–၂၀၂၁ မှ ၂၁–၅–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| **၂၁–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၇၈,၁၄၀,၁၄၉.၅၃** |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၁၇-၅-၂၀၂၁ ရက်နေ့မှ ၂၁-၅-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၀-၅-၂၀၂၁ | ၁,၂၀၀,၀၀၀ |
| ၁ | ဒေါ်မိုးမိုးမြိုင် (တောင်သာမြို့နယ်) | ၁,၂၀၀,၀၀၀ |
| | | |
| | ၂၁-၅-၂၀၂၁ | ၃,၃၃၀,၀၀၀ |
| ၁ | ဦးဆန်းငွေး (ရေဦးမြို့နယ်) | ၃,၃၃၀,၀၀၀ |
| | | |
| | | |
| | (၁၇-၅-၂၀၂၁ ရက်နေ့မှ ၂၁-၅-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၄,၅၃၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တမူးမြို့နယ်၊ ကောလင်းမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တမူးမြို့နယ်၊ ကောလင်းမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၈၀၂၀၆၅ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၆၈၁၄၇၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၄၃၉၀ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၄၉၀၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၇၇၉၈၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ရွှေဘိုမြို့နယ် | ၁၇၁ | ၂၂၄၅၆၃ | ၁၆၅၈၅၄ | ၂၈၀၃၅ | ၁၈၉၇ | ၂၄၁၇၂ |
| ၂ | ခင်ဦးမြို့နယ် | ၁၁၂ | ၁၂၃၁၄၈ | ၁၃၀၀၇၉ | ၁၀၀၄၂ | ၆၇၃ | ၁၁၉၄၈ |
| ၃ | ဒီပဲယင်းမြို့နယ် | ၁၂၅ | ၁၂၂၉၇၅ | ၉၂၇၉၇ | ၉၁၇၈ | ၈၃၉ | ၁၃၈၁၀ |
| ၄ | တမူးမြို့နယ် | ၇၆ | ၈၄၃၈၄ | ၆၇၀၅၉ | ၄၈၃၃ | ၅၂၁ | ၈၀၃၆ |
| ၅ | ကောလင်းမြို့နယ် | ၁၃၃ | ၁၁၄၈၁၇ | ၁၀၇၀၃၅ | ၆၀၄၇ | ၄၄၆ | ၉၈၄၀ |
| ၆ | ကလေးဝမြို့နယ် | ၆၉ | ၄၄၀၅၈ | ၄၂၇၃၇ | ၁၀၆၄၅ | ၁၁၁ | ၂၆၀၈ |
| ၇ | မင်းကင်းမြို့နယ် | ၁၃၃ | ၈၈၁၂၀ | ၇၅၉၁၄ | ၅၆၁၀ | ၄၁၃ | ၇၅၆၈ |
| | စုစုပေါင်း | ၈၁၉ | ၈၀၂၀၆၅ | ၆၈၁၄၇၅ | ၇၄၃၉၀ | ၄၉၀၀ | ၇၇၉၈၂ |



ခင်ဦးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တမူးမြို့နယ်၊ ကောလင်းမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၈၁၉ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၀၂၉၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၃၈၇၇၈ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၄၂၁၆ ၊ မြေပြင်လက်ကျန် ၂၅၁၁၈၇ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၆၆၀၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၃၅၇၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရွှေဘိုမြို့နယ် | ၁၇၁ | ၂၄၆၀၄၅ | ၁၇၈၈၈၅ | ၆၇၁၆၀ | ၆၁၀၃၅ | ၇၀၂၆ | ၉၀၁ |
| ၂ | ခင်ဦးမြို့နယ် | ၁၁၂ | ၁၃၉၁၄၆ | ၉၉၈၃၂ | ၃၉၃၁၄ | ၃၆၅၀၇ | ၉၇၉၈ | ၆၉၉၁ |
| ၃ | ဒီပဲယင်းမြို့နယ် | ၁၂၅ | ၁၃၈၉၉၃ | ၉၇၅၉၆ | ၄၁၃၉၇ | ၄၀၇၃၀ | ၁၅၂၇ | ၈၆၀ |
| ၄ | တမူးမြို့နယ် | ၇၆ | ၉၂၆၉၈ | ၅၉၇၂၇ | ၃၂၉၇၁ | ၃၁၂၇၈ | ၃၃၇၇ | ၁၆၈၄ |
| ၅ | ကောလင်းမြို့နယ် | ၁၃၃ | ၁၃၁၅၄၀ | ၉၅၅၄၃ | ၃၅၉၉၇ | ၃၅၆၈၃ | ၇၆၃ | ၄၄၉ |
| ၆ | ကလေးဝမြို့နယ် | ၆၉ | ၅၂၁၉၃ | ၃၅၇၇၉ | ၁၆၄၁၄ | ၁၅၁၀၅ | ၁၆၃၄ | ၃၂၅ |
| ၇ | မင်းကင်းမြို့နယ် | ၁၃၃ | ၁၀၂၃၇၉ | ၇၁၄၁၆ | ၃၀၉၆၃ | ၃၀၈၄၉ | ၂၄၈၃ | ၂၃၆၉ |
| | စုစုပေါင်း | ၈၁၉ | ၉၀၂၉၉၄ | ၆၃၈၇၇၈ | ၂၆၄၂၁၆ | ၂၅၁၁၈၇ | ၂၆၆၀၈ | ၁၃၅၇၉ |

၆။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၂၀၅၉၀ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများမှာ ၇၄၃၉၀ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း”ပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၄၉၀၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၇၇၉၈၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ မဲရုံမှူးများလိုက်နာရမည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၆၆ (ဓ) ကို လိုက်နာခြင်းမရှိဘဲ ရွှေဘိုမြို့နယ်တွင် ချောင်းဆုံကျေးရွာအုပ်စုမှ မဲလက်မှတ် ၂ အုပ် (စောင်ရေ ၁၀၀)နှင့် အမည်မသိရပ်ကွက်/ကျေးရွာအုပ်စုများမှ မဲလက်မှတ် ၁၃ အုပ် (စောင်ရေ ၆၅၀) တို့အား ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှ ပြန်လည်အပ်နှံထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၉။ ဒီပဲယင်းမြို့နယ် ညောင်လှကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် ကြိုတင်မဲအတွက် ဆန္ဒမဲလက်မှတ်များအား သီးသန့် အသုံးပြုထားခြင်းမရှိဘဲ ကျန်သည့်မဲရုံများအတွက်ပါ ရောနှောအသုံးပြုထားသည့် မဲလက်မှတ်စာအုပ် ၁၈ အုပ် (စောင်ရေ ၉၀၀)အား စိစစ်တွေ့ရှိရပါသည်။ မဲရုံမှူးများ လိုက်နာရမည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဓ)ကို လိုက်နာခြင်းမရှိဘဲ အေးသာယာ၊ ဆယ်တော၊ မင်းဆွေနှစ်နှင့် သပိတ်လဲကျေးရွာအုပ်စုတို့မှ ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်း ပြန်လည်အပ်နှံထားသော မဲလက်မှတ်စာအုပ် ၉ အုပ်(စောင်ရေ ၄၅၀) အား စိစစ်တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၆ သို့*

- စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၄၉၀၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၇၇၉၈၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ
- မဲရုံမှူးများလိုက်နာရမည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဇ) ကို လိုက်နာခြင်းမရှိဘဲ ရွှေဘိုမြို့နယ်တွင် ချောင်းဆုံကျေးရွာအုပ်စုမှ မဲလက်မှတ် ၂ အုပ် (စောင်ရေ ၁၀၀)နှင့် အမည်မသိ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ မဲလက်မှတ် ၁၃ အုပ် (စောင်ရေ ၆၅၀) တို့အား ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှ ပြန်လည်အပ်နှံထားသည်ကို စိစစ်တွေ့ရှိရ
- ဒီပဲယင်းမြို့နယ် ညောင်လှကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် ကြိုတင်မဲအတွက် ဆန္ဒမဲလက်မှတ်များအား သီးသန့် အသုံးပြုထားခြင်းမရှိဘဲ ကျန်သည့်မဲရုံများအတွက်ပါ ရောနှောအသုံးပြုထားသည့် မဲလက်မှတ် စာအုပ် ၁၈ အုပ် (စောင်ရေ ၉၀၀)အား စိစစ်တွေ့ရှိရ

*စာမျက်နှာ ၁၅ မှ*

၁၀။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) တွင် "မဲစာရင်း၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အတည်ပြုထားသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်းနှစ်စုံကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒနယ်အလိုက် စုစည်းရမည်။" ဟု ပြဋ္ဌာန်းထား သော်လည်း ကလေးဝမြို့နယ်၊ ကျေးရွာအုပ်စု ၁၈ အုပ်စုနှင့် မင်းကင်းမြို့နယ်၊ ကျေးရွာအုပ်စု ၂၃ အုပ်စုတို့၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁)များတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

၁၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တမူးမြို့နယ်၊ ကောလင်း မြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၆၄၅၇၂၆ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များ အနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၆၃၈၇၇၈ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၆၉၄၈ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၆၆၀၈ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၃၅၇၉ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲ လက်မှတ် လက်ခံဖြတ်ပိုင်း/ လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီး သည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက် အပ်နှံခြင်း၊

( င ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင်စာရင်း ပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

( စ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက် သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဇ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ် များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်း ပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တမူးမြို့နယ်၊ ကောလင်း မြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲ လက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



ဒီပဲယင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ကလေးဝမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၅/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

*ယမန်နေ့မှအဆက်*

**Myanmar Public Press မှ တာဝန်ခံအယ်ဒီတာနှင့် လွှတ်တော်ပြင်ပ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူဘဝမြှင့်တင်ရေးအဖွဲ့မှ ဗဟိုဥက္ကဋ္ဌ ဒေါက်တာ စိုးမြင့်ဦး**က ကျောင်းသားများ လုံခြုံရေးအတွက် အဖွဲ့အစည်းတွေက ပူးပေါင်းပါဝင်၍ရသည်ဟု ပြောကြားခဲ့ကြောင်း၊ ဘယ်လို ဆက်သွယ်ရမလဲ၊ ဘယ်လို ချိတ်ဆက်ပြီး ပူးပေါင်းပါဝင်လို့ရသလဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဝမ်းမြောက်ဝမ်းသာကြိုဆို**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနသည် တာဝန်ခံဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အလိုက်၊ တိုင်းအလိုက် ဆက်သွယ်လိုလျှင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တိုင်းစီမံအုပ်ချုပ်ရေးကောင်စီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးများနှင့် ဆက်သွယ်၍ရကြောင်း၊ ဆက်သွယ်ဆောင်ရွက်လာမှုများကိုလည်း ပြည်သူလူထု၏ ကာကွယ်ရေး၊ လုံခြုံရေး၊ နိုင်ငံ၏ ပညာရေးစနစ်ကာကွယ်ရေး၊ လုံခြုံရေးကို ဆောင်ရွက်ပေးသည့်သူများဖြစ်သည့်အတွက် မိမိတို့အနေဖြင့် အထူးဝမ်းမြောက်ဝမ်းသာကြိုဆိုပြီး ကျေးဇူးတင်ကြောင်းဖြေကြားသည်။

**Myanmar Public Press မှ တာဝန်ခံအယ်ဒီတာနှင့် လွှတ်တော်ပြင်ပ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူဘဝမြှင့်တင်ရေးအဖွဲ့မှ ဗဟိုဥက္ကဋ္ဌ ဒေါက်တာ စိုးမြင့်ဦး** က နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူများ အတွေးအခေါ်မှန်ကန်ပြီး မှန်ကန်သည့် မျိုးချစ်စိတ်သို့မဟုတ် နိုင်ငံချစ်စိတ်ရှိရန် အရေးကြီးသည်ဟု ထင်ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်ရန်အတွက် နိုင်ငံအကျိုးပြုမီဒီယာများ၊ လူမှုအဖွဲ့အစည်းများ၊ ၎င်းတို့၏ အခန်းကဏ္ဍကလည်း အရေးကြီးသည်ဟု ထင်ပါကြောင်း၊ မိမိနိုင်ငံ၏ ခေတ်အဆက်ဆက်အစိုးရများသည် မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများကို အလေးပေးမှု အားနည်းခဲ့သည်ဟု ထင်ပါကြောင်း၊ ဂရုစိုက်မှု၊ စိတ်ဝင်စားမှုနည်းသည်ဟု ထင်ပါကြောင်း၊ ကာလများကြာလာသည့်အခါတွင် အချို့နိုင်ငံများသည် ၎င်းတို့ အကျိုးစီးပွားအတွက် မီဒီယာနှင့် CSO များကို ကောင်းကောင်းအသုံးချပါကြောင်း၊ ထောက်ပံ့ပေးပြီး လိုရာပုံသွင်းပါကြောင်း၊ ၎င်းတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းအောင် လှည့်ပတ်ပြောဆို၊ နည်းမျိုးစုံဖြင့် မြှောက်ပင့်၊ သတင်းဆိုလျှင်လည်း ထုတ်လုပ်မှုအတတ်ပညာမျိုးစုံဖြင့် အတုနှစ်ခု သီအိုရီများ ၁၈+၂၀ သီအိုရီများ၊ ၎င်းတို့က သီအိုရီများဖြင့် လုပ်လာခြင်းကြောင့် မိမိတို့ပြည်သူများသည် အတွေးအခေါ်များ လမ်းချော်လာသည်ဟု ထင်ပါကြောင်း၊ မိမိအနေဖြင့် မီဒီယာကို လျှော့မတွက်စေလိုပါကြောင်း၊ မီဒီယာဆိုသည်မှာ အင်အားအပြင်းဆုံး လက်နက်ဖြစ်ပါကြောင်း၊ မီဒီယာနှင့် ပတ်သက်၍ နိုင်ငံအကျိုးပြုမီဒီယာများ အားကောင်းလာရန်၊ နိုင်ငံအကျိုးပြု CSO များ အားကောင်းလာရန် နိုင်ငံတော်ဘက်မှ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**မီဒီယာဖွံ့ဖြိုးတိုးတက်ရေး**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မီဒီယာများနှင့်ပတ်သက်၍ဖြစ်စေ၊ လှုံ့ဆော်ဝါဒဖြန့်ချိမှုများနှင့် ပတ်သက်ပြီးဖြစ်စေ၊ မိမိအနေဖြင့် သင်ခဲ့ဖူးသည့်စစ်ပညာနှင့် ပတ်သက်ပြီးပြောရလျှင် Weapons of Mass Attraction ဆိုခြင်းဖြစ်ပြီး၊ Weapons of Mass Destruction အစုလိုက်အပြုံလိုက်သေစေနိုင်သည့် လက်နက်များဖြစ်သည့် နျူကလီးယား၊ ဓာတုလက်နက်၊ ဇီဝလက်နက်များကို လူများက အန္တရာယ်ရှိသည်ဟု ထင်ကြပါကြောင်း၊ အမှန်တကယ် ပိုပြီးအန္တရာယ်များသည်မှာ Weapons of Mass Attraction အစုလိုက်အပြုံလိုက် ဆွဲဆောင်သည့် လက်နက်ဖြစ်ပြီး ထိုလက်နက်သည် မီဒီယာဖြစ်ပါကြောင်း၊ ထိုအရာနှင့် ပတ်သက်ပြီး စစ်ပညာရှိများ၏ သက်မှတ်ချက်သည် ထိုအတိုင်း သတ်မှတ်ထားပါကြောင်း၊ မိမိတို့နိုင်ငံ၏ သတ်မှတ်ချက် မဟုတ်ပါကြောင်း၊ အခြားအယူအဆများဖြစ်ပါကြောင်း။

WMD–Weapons of Mass Destruction အနေဖြင့် သတ်ပစ်နိုင်သည်က မြို့တစ်မြို့၊ ခရိုင်တစ်ခု၊ တိုင်းပြည်တစ်ခု သတ်လျှင် သတ်နိုင်ပါကြောင်း၊ သို့သော် Weapons of Mass Attraction အနေဖြင့် လူများ၏ ဦးနှောက်၊ စိတ်ဓာတ်ကို Parallax ဖြစ်သွားရန် လုပ်ခြင်းဖြစ်ကြောင်း၊ လူသားမျိုးဆက် တစ်ဆက်၊ နှစ်ဆက်ထိ လုပ်နိုင်သည်ဟု အယူအဆရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် ယခင်ကတည်းက အသိအမှတ်ပြုထားပြီး ဖြစ်ပါကြောင်း၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ မီဒီယာများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ မီဒီယာများ အဆင့်မြင့်လာနိုင်ရန် မြဝတီ မီဒီယာစင်တာဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာများအနေဖြင့်လည်း သတင်းမီဒီယာသာမက၊ ရုပ်ရှင်ဆိုလျှင်လည်း ရုပ်ရှင်သည် ပြည်သူ့အတွက်၊ စာပေဆိုလျှင် စာပေမြင့်မှ လူမျိုးတင့်မည် ဆိုသည်များကိုလည်း လိုက်နာနိုင်ရန် လိုပါကြောင်း၊ မိမိပြောနိုင်သည်မှာ Media Development Group သို့မဟုတ် Media Development Organization အဖွဲ့မျိုးဖြစ်ပေါ်လာစေရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ လုပ်ဆောင်ချက်များတွင် ပြည်တွင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အစိုးရအနေဖြင့် မည်သို့ကူညီရမည်နည်းဆိုသည့် အချက်မျိုးပါလာနိုင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုထက် ပိုမပြောနိုင်ပါကြောင်း၊ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကောင်အထည်ပေါ်လာနိုင်သည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**သူရိယနေ့ဝန်းဂျာနယ်မှ သတင်းထောက်ဝေဖြိုးကျော်**က မတရားအသင်းကြေညာခံထားရသည့် CRPH သည် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် NUG ဟုခေါ်သည့် တရားမဝင် အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ပါကြောင်း၊ NUG ဆိုသည့် တရားမဝင် အစိုးရက မေလ ၅ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF ကို တရားမဝင် ဖွဲ့စည်းခဲ့ပြီး လက်ရှိ တရားဝင်အစိုးရဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် မြန်မာ့တပ်မတော်ကို လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်သွားမည်ဟု ကြေညာခဲ့ပါကြောင်း၊ NUG တရားမဝင်အစိုးရ၏ ထိပ်စီးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကို နိုင်ငံတော်အတိုင်ပင်ခံရာထူး၊ သမ္မတရာထူးတာဝန်များ ခန့်အပ်ထည့်သွင်းထားသည်ကို တွေ့ရပါကြောင်း၊ NUG တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကို ထည့်သွင်းထားခြင်းကြောင့် ထည့်သွင်းထားခြင်းခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့က ယင်းတို့ ထည့်သွင်းထားခြင်းအပေါ် ကျေနပ်မှု ရှိနိုင်ပါသလား၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကိုယ်တိုင်က NUG တွင် ပါဝင်ခြင်းကို သဘောတူခြင်း၊ ထို့အပြင် NUG တွင် လုပ်ဆောင်နေသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF ၏လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို သဘောတူ ထောက်ခံသည့်အဓိပ္ပာယ်မျိုးပုံစံ ဖြစ်ပေါ်လာပါက ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ နိုင်ငံရေး ဆက်လက်လုပ်ကိုင်နိုင်ခွင့် ရှိနိုင်ပါသလား။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌ တာဝန်ယူထားသည့် NLD ပါတီ၊ CRPH နှင့် NUG တို့အား တိုက်ရိုက်ဆက်နွယ် ပတ်သက်နေသည့်အတွက်ကြောင့် တရားဝင်ရပ်တည် လှုပ်ရှားနိုင်သည့် နိုင်ငံရေးပါတီတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့် ရှိပါသလား ဆိုသည်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ကြေညာထားသည်များလည်း ပြောပြီးဖြစ်ပါကြောင်း၊ အကြမ်းဖက် အဖွဲ့အစည်းများကို အားပေးကူညီလျှင်၊ ပါဝင်လျှင် ဥပဒေနှင့်ငြိသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေများကိုလည်း ပြောပြီးဖြစ်ပါကြောင်း၊ ထည့်သွင်းဖွဲ့စည်းထားခြင်းကို မိမိတို့တွေ့ရပါကြောင်း၊ ထည့်သွင်းထားခြင်းနှင့်ပတ်သက်ပြီး ကာယကံရှင်များကိုယ်တိုင် သဘောတူညီမှုရှိ/မရှိ မသိရပါကြောင်း၊ သဘောတူညီချက်ရှိသည်ဟုလည်း ယူဆ၍မရပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပုဒ်မ ၄၀၇ ( ခ ) အရ နိုင်ငံတော်ကို လက်နက်စွဲကိုင်တော်လှန်နေသည့် သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသည့် အဖွဲ့များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း၊ အားပေးကူညီခြင်း ရှိလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေတွင်လည်း အသေးစိတ် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ ငြိစွန်းမှုရှိလာလျှင် ဥပဒေအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်ဟု ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းစာမှ အတိုင်ပင်ခံအယ်ဒီတာ ဦးကိုကိုကြီး**က ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားပြုကော်မတီနှင့် ပတ်သက်မှုမရှိရဟူ၍ ခရိုင်စီမံအုပ်ချုပ်ရေးရုံးများတွင် မတ်လနောက်ဆုံး လက်မှတ်ထိုးရန် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပါကြောင်း၊ ယနေ့အထိ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် မည်မျှလက်မှတ်ထိုးပြီးသည်ကို သိလိုပါကြောင်းနှင့် လက်မှတ်မထိုးသည့် လွှတ်တော်ကိုယ်စားလှယ်များကို မည်သို့ အရေးယူသည်ကို သိလိုပါကြောင်း၊ ထွက်ပြေးနေသည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး အရေးယူရန် အစီအစဉ်ရှိ/ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၁၈ သို့*

❑ **မီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် ယခင်ကတည်းက အသိအမှတ်ပြုထားပြီး ဖြစ်ပါကြောင်း၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ မီဒီယာများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ မီဒီယာများ အဆင့်မြင့်လာနိုင်ရန် မြဝတီ မီဒီယာစင်တာဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာများအနေဖြင့်လည်း သတင်းမီဒီယာသာမက၊ ရုပ်ရှင်ဆိုလျှင်လည်း ရုပ်ရှင်သည် ပြည်သူ့အတွက်၊ စာပေဆိုလျှင် စာပေမြင့်မှ လူမျိုးတင့်မည် ဆိုသည်များကိုလည်း လိုက်နာနိုင်ရန်လို**

## ▲ သတင်းမှန် ပြန်ကြားရေးကဏ္ဍဆိုသည်မှာ လူမှုကွန်ရက်ပေါ်တွင်ဖြစ်စေ၊ အခြားကဏ္ဍများတွင်ဖြစ်စေ သတင်းများ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် မေးနိုင်အောင် စီစဉ်ဆောင်ရွက်ပြီး အမေးအဖြေနှင့် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၁၇ မှ*

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ပါတီအသီးသီး၏ လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ဆက်သွယ်ပြီး CRPH နှင့်မပတ်သက်ကြောင်း လက်မှတ်ထိုးထားသည့်သူများ ရှိပါကြောင်း၊ လက်မှတ်ထိုးထားသည့် အရေအတွက်ကို ၎င်းတို့၏ လုံခြုံရေးအခြေအနေအရ ပြော၍မရပါကြောင်း၊ ၎င်းတို့အနေဖြင့် ငြိမ်းချမ်းစွာ နေထိုင်လျက်ရှိပါကြောင်း၊ CRPH နှင့် ပတ်သက်သူများ၊ CRPH နှင့် ဆက်နွှယ်ပြီး အခြားနိုင်ငံများတွင် ရောက်နေသူများလည်း ရှိပါကြောင်း၊ ဤနိုင်ငံအတွင်း ရှိနေသူများလည်း ရှိပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ကြေညာထားပြီး ဖြစ်သည့်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မူဝါဒကိုလည်း ပြောပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏မူဝါဒသည် မိမိတို့နိုင်ငံအတွင်း၌နေပြီး အိမ်နီးချင်းနိုင်ငံများကို ဆန့်ကျင်ပြီးလုပ်နေသည့်သူများကို လက်ခံမည်မဟုတ်ကြောင်း၊ ထို့အတူ မိတ်ဆွေနိုင်ငံများကလည်း ၎င်းတို့နိုင်ငံထဲ၌နေပြီး မိမိတို့ကို ဆန့်ကျင်ဘက်လုပ်နေသည့် အဖွဲ့အစည်းများကို လက်ခံနိုင်လိမ့်မည်မဟုတ်ဟု မြင်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းစာမှ အတိုင်ပင်ခံအယ်ဒီတာ ဦးကိုကိုကြီး**က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့် ပန်းခင်းစီမံချက်ဆိုပြီး မေလ ၃ ရက်နေ့မှစ၍ အကောင်အထည် ဖော်နေပါကြောင်း၊ ယခင်အစိုးရအဆက်ဆက်တွင် သွေးနှောဆိုပါက မြို့နယ်၊ ခရိုင်၊ တိုင်း စသဖြင့် တင်ရပါကြောင်း၊ တင်ပြီး အနည်းဆုံး တစ်နှစ်ခန့်ကြာပြီးမှ မှတ်ပုံတင်ရရှိကြောင်း၊ ယခု စီမံချက်အသစ်တွင် မည်သို့သော ဖြေလျှော့မှုများနှင့် ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### တစ်နိုင်ငံလုံးဆောင်ရွက်ရ

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး**က သွေးနှောများနှင့်ပတ်သက်၍ ပန်းခင်းလမ်းစီမံချက် နှစ်မျိုးဆောင်ရွက်ပါကြောင်း၊ တစ်ခုမှာ မွေးရာပါနိုင်ငံသားဖြစ်သည့် တိုင်းရင်းသားများကို ဆောင်ရွက်ပြီး နောက်တစ်ခုမှာ ဥပဒေအရ နိုင်ငံသားဖြစ်ကြောင်း၊ ဥပဒေအရ နိုင်ငံသားသည် ၎င်းတို့၏အချက်အလက်များအပေါ် မူတည်၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားအက်ဥပဒေအရ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အချက်အလက်စုံသည်ဆိုပါက မြို့နယ်ကတင်ပြပြီး ခရိုင်တွင် လုပ်ငန်းပြီးပြတ်ကြောင်း၊ အချက်အလက်မစုံလင်၊ အထောက်အထား မရှိပါက ဗဟိုအဆင့် ဝန်ကြီးငါးဦးနှင့် ဆုံးဖြတ်သည့် ဗဟိုဘုတ်ကိုတင်ပြပါကြောင်း၊ ထိုအဆုံးအဖြတ်ကို ရယူပြီးမှ ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ဆောင်ရွက်ရသည့်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။

**လူထုကလောင် သတင်းဂျာနယ်မှ သတင်းထောက် ဦးနန္ဒကျော်စွာ**က အကြံပြုပြောကြားရာတွင် အသေးစားချေးငွေနှင့် ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါကြောင်း၊ ချေးငွေနှင့် ပတ်သက်ပြီး အသေးစား ငွေရေးကြေးရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီက ကြီးကြပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၄ ရက်နေ့က တစ်ကြိမ်၊ ဖြည့်စွက်အမိန့် ၆/၂၀၂၀ ဆိုပြီး အောက်တိုဘာလတွင် ထပ်ထုတ်ပါကြောင်း၊ ထိုအထဲတွင် အသင်းဝင်များကို အတင်းအကျပ် မကောက်ခံရန်ဟူ၍ ပါရှိကြောင်း၊ သို့သော် အောက်ခြေသို့ ယင်းညွှန်ကြားစာများ မရောက်သည့်အတွက် ဝန်ထမ်းများက ပြည်သူများကို အတင်းအကျပ် ပြန်ကောက်ခံကြောင်း၊ ထို့ကြောင့် ပြည်သူများက အတိုးကြီးကြီးနှင့် အပြင်ကယူကြကြောင်း၊ ယူပြီး အတိုးကြီးကြီးနှင့် ပြန်ဆပ်ရသည့်အခါ အချို့ကငွေကျေသွားပြီး ၎င်းတို့အလှည့်တွင် ငွေကိုပြန်မချသည့်အခါ အောက်ခြေတွင် ဒုက္ခဖြစ်နေကြောင်း၊ ထို့ကြောင့် ချေးငွေနှင့် ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းချေးငွေကို စက်တင်ဘာလတွင် နောက်ဆုတ်ပေးခဲ့ကြောင်း၊ အသေးစားချေးငွေလုပ်ငန်းမှ ကိုဗစ်ကာလက စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များအတွက် ချေးထားသည့် ချေးငွေများကို ခြောက်လ နောက်ဆုတ်ပေးသကဲ့သို့ ပြည်သူလူထုကို အသေးစားချေးငွေများကိုလည်း ကာလတစ်ခု သတ်မှတ်ပြီး နောက်ဆုတ်ပေးရန် မြို့နယ်ကောင်စီအဆင့်ဆင့်မှ ကြီးကြပ်သွားမည်ဆိုပါက အခက်အခဲတစ်ခုဖြေရှင်းနိုင်မည်ဟု ထင်မြင်ကြောင်း ပြောကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အကြံပြုချက်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူလူထုချေးငွေနှင့် ပတ်သက်ပြီး ဖြစ်ပျက်နေမှုများကို သိရသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

**Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ပြန်ကြားရေးနှင့် ပတ်သက်သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ update မြင့်တင်ပေးနိုင်အောင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံသည် Fake News များကိုအလွန်ယုံကြည်နေကြသည့် ပြည်သူလူထုက ပိုများပြားပါကြောင်း၊ နိုင်ငံပိုင်သတင်းဌာနအနေဖြင့် MWD, MRTV ကဲ့သို့ သတင်းဌာနများကို ပိုင်ဆိုင်ထားပါလျက် ထို Fake News များကို ပြန်လည် မချေဖျက်နိုင်ခြင်းမှာ အဘယ်ကြောင့်ဆိုသည်ကို သိလိုပါကြောင်း၊ တမင်မချေဖျက်ခြင်း ဆိုပါကလည်း အစိုးရအနေဖြင့် အကြောင်းကိစ္စမရှိသော်လည်း ထို Fake News များကို ယုံကြည်နေရသည့် ပြည်သူများသည် ၇၀ ရာခိုင်နှုန်းမကရှိပါကြောင်း၊ ဥပမာ–ချင်းပြည်နယ် မင်းတပ်မြို့ဖြစ်စဉ်ကဲ့သို့ မင်းတပ်မြို့ ကျသွားပြီဆိုသည့် သတင်းမျိုးသည် PSI စလောင်းများ ဖြုတ်ထားသည်ဖြစ်စေ၊ အင်တာနက်များ ပိတ်ထားသည်ဖြစ်စေ Fake News များက ရအောင်လွှမ်းမိုးနေပါကြောင်း၊ သတင်းမှန်များကို နိုင်ငံပိုင်သတင်းဌာနများက အချိန်နှင့်တစ်ပြေးညီ မကြေညာပေးသည့်အတွက် ပြည်သူများက Fake News များကို ယုံကြည်နေရပါကြောင်း၊ နိုင်ငံပိုင်မီဒီယာများသည် ကိုရီးယားကားများနှင့် ပြိုင်ဆိုင်နေကြောင်း၊ သတင်းများနှင့်ပတ်သက်၍ update ဖြစ်နိုင်အောင် ဗိုလ်ချုပ်တို့အနေဖြင့် ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံပိုင်မီဒီယာများနှင့် ပတ်သက်ပြီး ထောက်ပြသည့်အချက်ကို မိမိတို့လက်ခံပါကြောင်း၊ မှန်လည်းမှန်ကန်ပါကြောင်း၊ အခက်အခဲအားဖြင့် မိမိတို့ လုပ်ဆောင်နေသည့် လက်တွေ့လုပ်ငန်းနှင့်သာ ပြောလိုပါကြောင်း၊ ယခင်ကလည်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၊ MRTV ဘက်ကလည်း ပြန်ကြားရေး၏ Facebook စသည်ဖြင့်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ သတင်းအဖွဲ့များက Online မှ သတင်းတင်ခြင်းသည် အမြန်ဆုံးဖြစ်ကြောင်း၊ Online မှလည်း တင်ခဲ့ကြောင်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့သည်လည်း သတင်းများကို နာရီပိုင်းအတွင်း တင်ခဲ့ကြောင်း၊ သို့သော် Facebook မှ တစ်ဖက်သတ် မိမိတို့၏ သတင်း page များ အားလုံးကို ပိတ်လိုက်ကြောင်း၊ ယင်းသည်လည်း သူ့လုပ်ငန်းနှင့် သူပင်ဖြစ်၍ မိမိတို့အနေဖြင့် သွားပြောနေ၍မရကြောင်း၊ သတင်းလွှမ်းမိုးမှုဆိုသည့်အပိုင်းတွင် ပြည်သူလူထုက အင်တာနက်နှင့် ပတ်သက်၍ အများအားဖြင့် အသုံးပြုနေသည်မှာ Facebook ဖြစ်ကြောင်း၊ ထိုသို့ဖြစ်အောင်လည်း အခြေအနေများက ဖန်တီးနေကြောင်း၊ ယင်းအပေါ်ကိုမူ လွှမ်းမိုး၍ မရပါကြောင်း၊ သူများ plattform အပေါ်တွင်လည်း မိမိတို့လည်း ရပ်တည်၍ မရပါကြောင်း၊ အပြစ်ပြော၍လည်းမရပါကြောင်း။

### သတင်းမှန် ပြန်ကြားရေးကဏ္ဍ စတင်ဆောင်ရွက်နေ

သို့သော် မိမိတို့ပိုင်သည့် မီဒီယာများထဲတွင် MWD ဆိုလျှင်လည်း နာရီစဉ်သတင်းလွှင့်နေကြောင်း၊ နာရီစဉ်သတင်းဆိုသည်မှာ တစ်နာရီတစ်ကြိမ် သတင်းလွှင့်သည့် လုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း၊ ယင်းသည်လည်း ပြည်သူလူထု ချက်ချင်းသိလိုသည့် update သတင်းမဟုတ်သေးပါကြောင်း၊ သို့သော် နိုင်ငံပိုင်သတင်းဌာနများ ဖြစ်သည့်အတွက် သတင်းမှန်ရမည်၊ မြန်ရမည်ဟုဆိုရာတွင် မှန်ရမည်ဆိုသည့် အချက်သည် အဓိကလွှမ်းမိုးနေကြောင်း၊ မှန်ရမည်ဆိုသည့်အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် စစ်ဆေးသည့်အခါ သတင်းသည် မြန်သင့်သလောက်မမြန်သည်ကို တွေ့ရှိရပါကြောင်း၊ နောက်ပိုင်းတွင် သတင်းမှန်ပြန်ကြားရေးကဏ္ဍဆိုပြီး စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သတင်းမှန်ပြန်ကြားရေးကဏ္ဍဆိုသည်မှာ လူမှုကွန်ရက်ပေါ်တွင်ဖြစ်စေ၊ အခြားကဏ္ဍများတွင်ဖြစ်စေ သတင်းများ ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် မေးနိုင်အောင် စီစဉ်ဆောင်ရွက်ပြီး အမေးအဖြေနှင့် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ချွတ်ယွင်းချက်တစ်ခုရှိနေဦးမည်ဖြစ်ကြောင်း။

ယင်းတို့သည် မိမိတို့၏ TV Platt–form, သတင်းစာ Plattform ပေါ်တွင် ရှိနေသည်ဖြစ်သည့်အတွက် Online ပေါ်တွင် ပျံ့ရန်ခက်ခဲမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သတင်းစာရှင်းလင်းပွဲကို ပြောရမည်ဆိုလျှင် MRTV, MWD, MITV စသည်တို့မှ Live လွှင့်နေပါကြောင်း၊ ထို့အပြင် လူမှုကွန်ရက် စာမျက်နှာများတွင် ဖြန့်ချိသူအချို့လည်းရှိကြောင်း၊ ယင်းသည်လည်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်အတွင်း မိနစ် ၃၀ ခန့် ရောက်လျှင်ပင် ပြန်ပြုတ်ကျသွားကြောင်း၊ ယင်းသည် လက်တွေ့ဖြစ်စဉ်များ ဖြစ်ကြောင်း၊ သတင်းထောက်ကြီး ပြောသွားသည့် ထောက်ပြ ပြောဆိုချက်များအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့်ရော MWD အနေနှင့်ပါ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟု ပြောလိုကြောင်း ဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မိမိတို့ဒကာ၊ ဒကာမများက ဆရာတော် ဦးဝီရသူနှင့်ပတ်သက်၍ သွေးမအေးသေးပါကြောင်း၊ စိုးရိမ်ပူပန်မှုများလည်း များစွာရှိနေပါကြောင်း၊ ဆရာတော်နှင့် ပုဒ်မအတူတူ တပ်ခံရသည့်သူများ လွတ်လာပြီဖြစ်ကြောင်း၊ ဆရာတော်မှာ ယခုအချိန်အထိ လွတ်မြောက်ခြင်းမရှိသေးပါကြောင်း၊ ဆရာတော်ကို ကြေညာထားသည့် ပုဒ်မများတင်မကဘဲ အခြားပုဒ်မများ ဆက်တိုးနေခြင်း ရှိ/ မရှိ သို့မဟုတ် ဆရာတော်သည် ထောင်ထဲတွင် ထပ်မံတိုးနိုင်လောက်သည့် ပုဒ်မများရှိနေခြင်းဟုတ်/မဟုတ်၊ သို့မဟုတ် ဆရာတော်ကို ပြန်လွှတ်ပေးလိုက်သည်ကို ဆရာတော်၏ လုံခြုံရေးအရ သတင်းမထုတ်ပြန်သေးခြင်းလား ဆိုသည်ကို တိတိကျကျ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဆရာတော်၏ ကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းပြီးလျှင် ပြန်လည်ပြောကြားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ခေတ်ပုံရိပ် သတင်းဂျာနယ်မှ သတင်းထောက် ဦးရဲရင့် (မိုးမိတ်)**က တရားစီရင်ရေး မဏ္ဍိုင်နှင့် ပတ်သက်၍ တရားစီရင်မှုများတွင် မတရားမှုများ မဖြစ်ရအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တရားရေးကို ဖြောင့်မတ်သွားအောင် အမြန်ဆုံး လုပ်ပေးနိုင်ခွင့် ရှိ/မရှိဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ချွတ်ယွင်းချက်များရှိပါက တိုင်ကြားနိုင်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက်ပြီး ချွတ်ယွင်းချက်များရှိပါကလည်း တိုင်ကြားနိုင်သည့် နေရာများရှိပါကြောင်း၊ နိုင်ငံသားတိုင်းကလည်း တိုင်နိုင်ခွင့်ရှိကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် ပတ်သက်ပြီး နိုင်ငံသား တစ်ဦးချင်းတွင် နိုင်ငံများနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်အခန်းတွင်လည်း ပါပြီးဖြစ်ကြောင်း၊ သတင်းထောက်ကြီး ပြောခဲ့သည့် မြို့နယ်အဆင့်၊ တိုင်းအဆင့်တွင် ဖြစ်သည့်ကိစ္စများ ရှိကောင်းရှိနိုင်ပါကြောင်း၊ ယင်းသည်လည်း ယခင် တရားစီရင်ရေးမဏ္ဍိုင်တွင် ယခင်အစဉ်အဆက်က ပြုပြင်လာသည့်အချက်များလည်း ရှိကြောင်း၊ သို့သော် ယခုအချိန်အထိလည်း ပြုပြင်၍ မပြီးသေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းတွင် မဟုတ်ကြောင်း၊ တစ်ဦးချင်း နစ်နာမှုများရှိပါက နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်တွင် ပြန်ပြီးလုပ်ပိုင်ခွင့်ရှိသည့် အကြောင်းကိုလည်း ပြောပြီးဖြစ်ကြောင်း၊ ပုဒ်မ ၃၇၈ အရလည်း ဆောင်ရွက်ရမည့်ပုံစံကို ပြောပြီးဖြစ်၍ ယင်းအတိုင်း ဆောင်ရွက်ရန် ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံ သတင်းဌာနမှ အယ်ဒီတာ ဦးမင်းဂေါင်**က လုံခြုံရေးကိစ္စနှင့် ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်သံများကို နေ့စဉ်နှင့်အမျှကြားနေရပါကြောင်း၊ လုံခြုံရေးကိစ္စဆိုလျှင် နံပါတ်တစ် ရဲတပ်ဖွဲ့နှင့် တပ်မတော်ကို လူတွေပြေးမြင်ကြကြောင်း၊ တကယ်ဆိုလျှင် အုပ်ချုပ်ရေး၏ အခြေခံယန္တရားမှာ ရပ်ကျေး အုပ်ချုပ်ရေးမှူးများသည်လည်း အဓိကပါဝင်ကြကြောင်း၊ အခြေခံကျသည့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် တရားဥပဒေစိုးမိုးရေးနှင့် ဒေသအတွင်း လုံခြုံရေးတွင် အဓိကတာဝန်ရှိသည့်အတွက် အုပ်ချုပ်ရေးမှူးများကို ပြောင်းလဲပြီး ရွေးချယ်ခန့်အပ်လိုက်သည့်အခါ အချို့ကိစ္စများမှာ မိမိတို့ထံသို့ ပြည်သူများမှတက်လာသည့် အသံများလည်းရှိကြောင်း၊ CRPH၊ NUG ၊ PDF စသည့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားပြီးသား အဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့် အုပ်ချုပ်ရေးမှူးများ တက်လာသည်ကိုလည်း တွေ့ရှိရသည့်အတွက် ရပ်ကျေး၏ အခြေခံအုပ်ချုပ်ရေးယန္တရားအတွက် လိုအပ်သည့် အုပ်ချုပ်ရေးမှူးများကို စနစ်တကျ ပြန်လည်စိစစ်ပြီးရွေးချယ်ရန် ရှိ/မရှိနှင့် စနစ်တကျ မှန်ကန်စွာနှင့် တကယ်ပူးပေါင်းဆောင်ရွက်လာသည့် အုပ်ချုပ်ရေးမှူးများ၏ မိသားစု ဘဝလုံခြုံရေးကိုလည်း ဘယ်လိုတာဝန်ယူမလဲဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲမှတ်တမ်းစာအုပ် ထွက်ရှိ




**နေပြည်တော် မေ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ ဧပြီလအတွင်း ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ အမှတ်စဉ် ၁ မှ ၄ အထိကို စုစည်း၍ သတင်းစာရှင်းလင်းပွဲမှတ်တမ်း စာအုပ်အား ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာ အဖွဲ့အစည်း များအတွက် ပြန်ကြားရေး ဝန်ကြီးဌာနက အခမဲ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ပြည်သူ့စာကြည့်တိုက်များ နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Webportal ဖြစ်သော www.moi.gov.mm တို့တွင် လေ့လာ ဖတ်ရှုနိုင်ကြသည်။

သတင်းစဉ်

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး




## သာယာဝတီမြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကျင်းပမည်

**သာယာဝတီ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကွက်သစ်ရပ်ကွက် ကျိုက်ထိုဇေတိကာရုံကျောင်းတိုက်၌ ၂၀၂၁ ခုနှစ် အစိုးရ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ကျင်းပမည်ဖြစ်ကြောင်း မြို့နယ် သံဃနာယကအဖွဲ့ထံမှ သိရသည်။

အဆိုပါ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကို ဇွန် ၁ ရက်မှ ၁၃ ရက်အထိနေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဓမ္မာစရိယ စာဖြေသံဃာ စာရင်းသွင်း ၂၂၈ ပါးနှင့် ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ မူလတန်းစာဖြေသံဃာ စာရင်းသွင်း ၄၁ ပါးတို့ စာရင်းပေး ဝင်ရောက်ဖြေဆိုမည် ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကျင်းပမည့် ကျိုက်ထိုဇေတိကာရုံကျောင်းတိုက် အတွင်း/အပြင် နေရာများကို ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်း များ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်သံဃနာယက အဖွဲ့ထံမှ သိရသည်။

သန့်ဇော် (ခရိုင်ပြန်/ဆက်)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၆၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၁၁၁၀ | ၁၀၁၀၁၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၃၆၁ | ၁၂၄၉၂၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၅ | ၁၉၅၀၀၀ |
| FPB | ၁၉၀၀၀ | ၁၈၅၀၀ | ၇၇၉ | ၁၄၄၁၄၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀ | ၂၈၀၀၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၉၉ | ၂၈၇၁၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကချင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မေ ၂၁**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးဟု ပါရှိသည့်အတွက် အနာဂတ် လူငယ်လူရွယ်များ၏ ပညာရေးဖွံ့ဖြိုးမှု နောက်မကျစေရေးအတွက် ကျောင်းများအေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်၍ ပညာသင်ကြားခွင့်ရရှိရေးကို ဌာနဆိုင်ရာ အဖွဲ့အစည်းများက ဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခင်နှစ်များတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ဆောင်ရွက်လေ့ရှိသော်လည်း ယနေ့ကာလ အခြေအနေအရ ကျောင်းသားများ၊ မိဘများ၊ ဆရာ ဆရာမများ၏ ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာပါ လုံခြုံစိတ်ချမှုရှိစေရန် လုံခြုံရေးဆိုင်ရာများ အပြည့်အဝဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အဓိကအားဖြင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ပညာသင်ခွင့်ရရှိရေးကို ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးက ကျောင်းများဖွင့်လှစ်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညဏ်မြင့်ကျော်က ကျောင်းများတည်ငြိမ်အေးချမ်းစွာဖွင့်လှစ်နိုင်ရေး ခရိုင်နှင့်မြို့နယ်များအလိုက် ရဲတပ်ဖွဲ့ဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများ ပေါင်းစပ်၍ လုံခြုံရေးရယူ ဆောင်ရွက်သွားမည့် စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးကျော်မိုးထွန်းက အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ဆောင်ရွက်သွားမည့် အစီအမံများ၊ သင်ကြားရေးဝန်ထမ်းလိုအပ်ချက်အပေါ် နေ့စားလပေးဝန်ထမ်းများ ခန့်ထားမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်နှင့် ပူတာအိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်အလိုက် မြို့နယ်နှင့် မြို့များတွင် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး စီမံအုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကော်မတီများ ဖွဲ့စည်းပြီး စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် စီမံဆောင်ရွက်ထားရှိမှုနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## တွံတေးမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၁**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက် နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံ တပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဘို(အရှေ့) ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၄၀၀ အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဆန်၊ စားသောက်ဖွယ်ရာများနှင့် COVID-19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပျဉ်းမနားမြို့နယ်၌ မြစိမ်းရောင်(အသားကဏ္ဍ) ဆင္ဒမအကြိမ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ပျဉ်းမနား မေ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရွာသစ်ကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာ၌ မြစိမ်းရောင်(အသားကဏ္ဍ)ဆင္ဒမအကြိမ် လွှဲပြောင်းပေးအပ်ခြင်းကို အဆိုပါကျေးရွာရှိ (KC)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က မြစိမ်းရောင်(အသားကဏ္ဍ) ဆင္ဒမအကြိမ် လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒက္ခိဏခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာလှမျိုးသန့်က မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ကြမည့် အသင်းဝင် ၁၅၂ ဦးအတွက် ဝက်တစ်ကောင်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် မြစိမ်းရောင်(အသားကဏ္ဍ)ဆင္ဒမအကြိမ် လည်ပတ်ရန်ပုံ ငွေကျပ် သိန်း ၄၆၀၆၀၀၀၀ ကို ကျေးရွာမြစိမ်းရောင်(အသားကဏ္ဍ)ရန်ပုံငွေ ကြီးကြပ်ရေး ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးသည်။

စိုးမိုး(ပြန်/ဆက်)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ပဋိညာဉ်၊ ပဋိညာဉ်ချိုးဖောက်ခြင်းနှင့် ထိုသို့ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသောအခွင့်အရေးနှင့် တာဝန်များ

*ဦးကျော်ကျော် (တရားရေး)*

စာချုပ်စာတမ်းတစ်ရပ်သည် ယေဘုယျအားဖြင့် ခေါင်းစဉ်နှင့် စာချုပ်အတွင်းစာသားပါ အနှစ်သာရများ ကိုက်ညီဆီလျော်မှုရှိရန် လိုအပ်သည်မှန်သော်လည်း စာချုပ်ခေါင်းစဉ်နှင့် အတွင်းစာသားပါ အနှစ်သာရများ ကိုက်ညီမှုမရှိသည့်အခါ စာချုပ်ခေါင်းစဉ်မှာ အရေးမပါတော့ပေ။ စာချုပ်အတွင်း စာသားပါ အနှစ်သာရကို အဓိပ္ပာယ်ကောက်ယူ၍သာ မည်သည့်ကိစ္စအတွက် ချုပ်ဆိုကြောင်း ဖွင့်ဆိုရမည်ဖြစ်သည်။ အမှန်အားဖြင့်လည်း စာချုပ်စာတမ်းတစ်ရပ်ကို မည်သည့်အချက်အလက် အင်္ဂါရပ်များနှင့်ပြည့်စုံစွာ ရေးသားချုပ်ဆိုရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။ အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုခြင်းသည် ပဋိညာဉ်ဖွဲ့ခြင်းဖြစ်၍ ပဋိညာဉ်အက်ဥပဒေအရ တရားဝင်ပဋိညာဉ်မြောက်ရန် လိုအပ်သော အင်္ဂါရပ်များနှင့် ပြည့်စုံရန်သာလိုသည်။ ပဋိညာဉ်အက်ဥပဒေအရ တရားဝင်ပဋိညာဉ်မြောက်ရန် အဓိကလိုအပ်ချက်မှာ တစ်ဖက်က ကမ်းလှမ်းချက်ကို အခြားတစ်ဖက်က လက်ခံခြင်းဖြင့် သဘောတူညီချက်တစ်ရပ်ဖြစ်ပေါ်စေခြင်း၊ ထိုသဘောတူညီချက်မှာ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်မှုမရှိခြင်း၊ ကမ်းလှမ်းသူနှင့် လက်ခံသူတို့မှာ ပဋိညာဉ်ပြုနိုင်သည့် အရည်အချင်းချို့ငဲ့သူမဟုတ်ခြင်း၊ ကမ်းလှမ်းချက်နှင့် လက်ခံခြင်းတို့ကို သဘောတူပြုခဲ့ရာ၌ အဖိုး စားနားထားရှိခြင်းတို့ပင် ဖြစ်သည်။

ပဋိညာဉ်ပြုနိုင်သူတို့က ဥပဒေနှင့်ညီညွတ်သော အဖိုးစားနားနှင့် ရည်ရွယ်ချက်အရ မိမိတို့အလိုအလျောက် ပြုလုပ်ကြသည့် သဘောတူညီချက်များသည် ဤဥပဒေအရ ပျက်ပြယ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပဋိညာဉ်ဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေအရ ပျက်ပြယ်သော ပဋိညာဉ်၊ တရားဝင်ပဋိညာဉ်နှင့် ပျက်ပြယ်ခွင့်ရသည့် ပဋိညာဉ်ဟူ၍ သုံးမျိုးရှိသည်။

တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်သော သဘောတူညီချက်သည် ပျက်ပြယ်သော သဘောတူညီချက် ဖြစ်သည်။

တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည့် သဘောတူညီချက်သည် တရားဝင်ပဋိညာဉ်ဖြစ်သည်။

## ပျက်ပြယ်ခွင့်ရသည့် ပဋိညာဉ်

သဘောတူညီချက်တွင် ပါဝင်သူတို့အနက် တစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ အလိုရှိသည့်ဥပဒေအရ အရေးယူဆောင်ရွက်ခွင့်ရှိသော်လည်း ကျန်သူများက ထိုကဲ့သို့ အရေးယူဆောင်ရွက်ခြင်း မပြုလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်ခွင့်ရသည့် ပဋိညာဉ်ဖြစ်သည်။

ဥပဒေနှင့်ဆန့်ကျင်သည့် ချဲထီလုပ်ငန်းအတွက် ချုပ်ဆိုခဲ့သော စာချုပ်များမှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ်နေပြီဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၃ တွင် သဘောတူညီချက်၏ ရည်ရွယ်ချက်သည် (၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်၊ (၂) အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပါပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့်အချက်၊ (၃) လိမ်လည်လှည့်ဖြားရာရောက်သည့်အချက်၊ (၄) သူတစ်ပါး၏ (သို့မဟုတ်) ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်၊ (၅) ကျင့်ဝတ်တရားပျက်ပြားသည် သို့မဟုတ် အများပြည်သူဆိုင်ရာ ဝါဒနှင့် ဆန့်ကျင်သည်ဟု တရားရုံးကထင်မြင်သည့်အချက် စသည့် ရည်ရွယ်ချက်တစ်ရပ်ရပ်မရှိမှသာလျှင် တရားဥပဒေနှင့်ညီညွတ်ကြောင်း ပြဋ္ဌာန်းထားသည်ဟု **ဒေါ်စဝ်ချစ်ဦး (ကွယ်လွန်သူဒေါ်စဝ်လိပ်လုံ၏ တရားဝင်ကိုယ်စားလှယ်) ပါ ၉ နှင့် ဦးစိုင်းရီအမှု** တွင် ထုံးဖွဲ့ထားသည်။

အမွေဆက်ခံသည့်ကိစ္စနှင့် စပ်လျဉ်းသော ဓမ္မသတ်ပါ ပြဋ္ဌာန်းချက်များသည် ဥပဒေဖြစ်သည့်အလျောက် ယင်းဥပဒေနှင့်ဆန့်ကျင်သော ပဋိညာဉ်အရပ်ရပ်သည် ပဋိညာဉ်အက်ဥပဒေ ပုဒ်မ-၂၃ အရ ပျက်ပြယ်သည်ဟု ကောက်ယူရပေမည်။

ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အရ ဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ်ချိုးဖောက်မှုဖြစ်ပေါ်သည်။ ပဋိညာဉ်ကိုငြင်းပယ်ခြင်း (repudiation of the contract) သည် ပဋိညာဉ်အတိုင်းလိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း (refusal to fulfill the contract) ဖြစ်သည်။ ငြင်းပယ်ခြင်း ဆိုသည်မှာ ပဋိညာဉ်ပြုသူတစ်ယောက်က ပဋိညာဉ်အရပြုလုပ်ရန် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ ငြင်းပယ်လိုက်လျှင် နစ်နာသော တစ်ဖက်ပဋိညာဉ်ပြုသူက ယင်းသို့ ငြင်းပယ်သူအား ပဋိညာဉ်ကို ချိုးဖောက်မှုအတွက် လျော်ကြေး ရယူရန် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ငြင်းပယ်ခြင်းမြောက်အောင် ပဋိညာဉ်အရ ပြုလုပ်ရမည့်တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် မည်သို့ငြင်းပယ်ရမည်နည်းဟူမူ လုံးလုံးလျားလျား ငြင်းဆိုရမည် (total refusal) သို့မဟုတ် အကြွင်းမဲ့ ငြင်းဆိုခြင်း (absolute refusal) ဟု ဆိုရပေလိမ့်မည်။ ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အတိုင်း ၎င်းက မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို ၎င်း၏ပြုမူချက် (conduct) ဖြင့်သိစေလျှင် ပဋိညာဉ်အရ ၎င်းပေါ် ကျရောက်သောတာဝန်ကို ငြင်းပယ်ရာရောက်သဖြင့် အခြားတစ်ဖက်တွင် ပဋိညာဉ်ပြုသူသည် ထိုငြင်းပယ်ချက်ကြောင့် နစ်နာလျှင် လျော်ကြေးရခွင့်ရှိသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေအချက်-၁၁၅ မှာ စာနှင့်ရေးသားမှတ်ပုံတင်ခြင်းမရှိသည့် အတိအလင်းပြောဆို၍ဖြစ်စေ၊ အတိအလင်းမဟုတ်သော်လည်း သဘောသက်ရောက်မှုအနေဖြင့်ဖြစ်စေ ပြုလုပ်ခဲ့သည့် ပဋိညာဉ်ကို ဖောက်ဖျက်သည့်အတွက် လျော်ကြေးငွေရလိုမှုနှင့် သက်ဆိုင်သည်။ ဤအချက်နှင့် အကျုံးဝင်ရန် စာနှင့်ရေးသားမှတ်ပုံတင်ခြင်းမရှိသည့် ပဋိညာဉ်ရှိရမည်။ ထိုပဋိညာဉ်ကို ချိုးဖောက်ခဲ့ပြီးဖြစ်ရမည်။ ယင်းသို့ ချိုးဖောက်ခဲ့သည့် ပဋိညာဉ်အတွက် လျော်ကြေးငွေ တောင်းဆိုခြင်းဖြစ်ရပေမည်။ လျော်ကြေးငွေဆိုသည်မှာ ငွေမည်ရွေ့မည်မျှရလိုသည်ဟု သီးခြားသေချာစွာ ဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ၊ နစ်နာမှုအတွက် တောင်းဆိုသည့်ငွေအားလုံးနှင့် အကျုံးဝင်သည်။

ပဋိညာဉ်တစ်ရပ်ပျက်ပြယ်သည့်အခါ ယင်းပဋိညာဉ်အရ ရရှိထားသည့်အကျိုးခံစားခွင့်ကို ရရှိထားသူက ပြန်လည်ပေးအပ်ရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ တွင် ပြဋ္ဌာန်းထားသည်။ ဤအခြေအနေတွင် အိမ်ငှားက အိမ်ရှင်ထံမှ ပေးအပ်ထားသော စပေါ်ငွေပြန်ရခွင့်ရှိကြောင်း ပေါ်လွင်သည်။

## တည်ရှိနေသော မှားယွင်းမှုဖြစ်ရန်လို

ပဋိညာဉ်အက်ဥပဒေ ပုဒ်မ-၂၀ တွင် သဘောတူညီချက်တွင် ပါဝင်သည့် နှစ်ဦးနှစ်ဖက်သည် သဘောတူညီချက်နှင့် စပ်လျဉ်း၍ အရေးပါသောအကြောင်းခြင်းရာကို မှားယွင်းကြလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားသည်။ သဘောတူညီချက်သည် မှားယွင်းမှုဖြစ်ကြောင်း ပျက်ပြယ်သောသဘောတူညီချက်ဖြစ်ရန် (၁) မှားယွင်းမှုသည် အကြောင်းခြင်းရာနှင့်ပတ်သက်ရမည်။ (၂) ထိုမှားယွင်းမှုသည် သဘောတူသည့်အချိန်တွင်ဖြစ်ရမည်။ (၃) သဘောတူသူနှစ်ဦးစလုံးက မှားယွင်းခြင်းဖြစ်ရမည်။ (၄) ထိုမှားယွင်းမှုသည် သဘောတူညီမှုနှင့်စပ်လျဉ်းသည့် အရေးပါသောအကြောင်းခြင်းရာဖြစ်ရမည်ဖြစ်သည်။ သဘောတူညီချက် ပျက်ပြယ်ရန်အတွက် သဘောတူညီချက်နှင့် စပ်လျဉ်းသည့် အရေးပါသော အကြောင်းခြင်းရာကို နှစ်ဖက်စလုံးက မှားယွင်းကြသည်သာမက ယင်းမှားယွင်းမှုသည် သဘောတူကြစဉ်အချိန်က တည်ရှိနေသော မှားယွင်းမှုဖြစ်ရန်လိုသည်။

ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးရန်စွဲဆိုမှုတွင် ပဋိညာဉ်၌ ပါဝင်ခြင်းမရှိသူအား အမှုသည်အဖြစ်ထည့်သွင်းရန် မလိုကြောင်း **ဒေါ်ခင်စောဝေနှင့် ဒေါ်အေးအေးသောင်းပါ ၃ အမှု**တွင် အဆုံးအဖြတ်ပြုထားကြောင်း လေ့လာတွေ့ရှိနိုင်သည်။

တရားလိုက အခြေပြုစွဲဆိုသော သက်သေခံ (က) ကတိပဋိညာဉ်စာချုပ်အရလည်းကောင်း၊ သက်သေခံအထောက်အထားများအရလည်းကောင်း ပဋိညာဉ်တွင် ပါဝင်ချုပ်ဆိုခြင်းမရှိသူ တရားပြိုင် (၂၊ ၃) အနေဖြင့် အဆိုပါကတိပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် တာဝန်ရှိသည်ဟု သတ်မှတ်နိုင်ခြင်းမရှိသည့် အခြေအနေတွင် တရားရုံးချုပ် (မန္တလေး) က ၂၁-၁၁-၂၀၀၆ ရက်စွဲပါ သက်သေခံ (က) ပဋိညာဉ်ပြုလုပ်ရာ၌ ပါဝင်ခြင်းမရှိသော အမှတ်(၂ နှင့် ၃) တရားပြိုင်တို့အပေါ် ပဋိညာဉ်တွင်ပါဝင်သည့် အမှတ် (၁) တရားပြိုင်နည်းတူ ဒီကရီချမှတ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိပေ။

## ရောင်းသူက လျော်ကြေးရရှိရန် တရားစွဲဆိုနိုင်

အရောင်းအဝယ်ပျက်ပြယ်သဖြင့် ပေးသွင်းထားသော ငွေကို ပြန်လည်ပေးအပ်စေရေးနှင့် စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေတွင် ပြဋ္ဌာန်းထားချက်များမတွေ့ရပေ။ ဤပြဿနာကို ဆုံးဖြတ်ရာ၌ ပေးသွင်းထားသောငွေသည် ရောင်းငွေအတွက် တစ်စိတ်တစ်ဒေသအားဖြင့် ပေးသွင်းခဲ့လျှင် ရောင်းသူသော်လည်းကောင်း၊ ဝယ်သူသော်လည်းကောင်း ပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ပျက်ကွက်က ထိုငွေကို ပြန်လည်ပေးအပ်ရပေမည်။ အကယ်၍ ဝယ်ယူသူ၏ပျက်ကွက်မှုကြောင့် အရောင်းအဝယ်အထမမြောက်လျှင် ရောင်းသူက လျော်ကြေးရရှိရန် တရားစွဲဆိုနိုင်ပေမည်။ သို့သော် ထိုပေးသွင်းငွေမှာ အာမခံသဘောအဖြစ်ပေးသွင်းလျှင် ဝယ်ယူသူပျက်ကွက်က ၎င်းသည် ထိုငွေကို ပြန်လည်ရရှိနိုင်မည်မဟုတ်ပေ။

ပဋိညာဉ်အက်ဥပဒေပုဒ်မ-၇၄ အရ တရားဝင်ပဋိညာဉ်ကို ဖောက်ဖျက်သောအခါ ထိုသို့ဖောက်ဖျက်ပါက ပေးရန်ဖြစ်သော ငွေပမာဏကို ပဋိညာဉ်တွင်ဖော်ပြထားလျှင် ထိုသို့ဖောက်ဖျက်ခြင်းကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှုရှိကြောင်း ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ဖောက်ဖျက်ကြောင်း တိုင်တန်းသူသည် ဖောက်ဖျက်သူထံမှ ထိုဖော်ပြသော ငွေကြေးပမာဏကို ရပိုင်ခွင့်ရှိသည်။

တရားလိုက လျော်ကြေးမတောင်းဆိုစေကာမူ တရားရုံးက လျော်ကြေးပေးစေသည့် အမိန့်ချမှတ်နိုင်သည်။ လျော်ကြေးငွေ မည်မျှသတ်မှတ်သင့်သည်ကို ချိန်ဆရာ၌ လျော်ကြေးငွေရမည့်

> ❑ **ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အရ ဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ်ချိုးဖောက်မှုဖြစ်ပေါ်သည်။ ပဋိညာဉ်ကိုငြင်းပယ်ခြင်း (repudiation of the contract) သည် ပဋိညာဉ်အတိုင်းလိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း (refusal to fulfill the contract) ဖြစ်သည်။ ငြင်းပယ်ခြင်း ဆိုသည်မှာ ပဋိညာဉ်ပြုသူတစ်ယောက်က ပဋိညာဉ်အရပြုလုပ်ရန် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြစ်သည်**

*စာမျက်နှာ ၂၂ သို့*

# စစ်ကိုင်းတိုင်းဒေသကြီး လက်ရှိဘဏ္ဍာနှစ်အတွက် အသုံးစရိတ်များ၊ ပိုလျှံငွေများပြန်လည်အပ်နှံရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနက်မှ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၀ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ (၁) မုံရွာမြို့၌ ကျင်းပရာ**(ယာပုံ)** အစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေး၊ ဝယ်ယူရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ တင်ဒါညွှန်ကြားချက် (၁/၂၀၁၇) ထုတ်ပြန်ပေးပြီးဖြစ်ကြောင်း၊ လက်ရှိဘဏ္ဍာနှစ်အတွက် အသုံးစရိတ်များ၊ ပိုလျှံငွေများ ပြန်လည်အပ်နှံရေးကိစ္စကို အချိန်မီအပ်နှံကြရန် ဖြစ်ကြောင်း၊ တင်ဒါလုပ်ငန်းများအနက်မှ သတ်မှတ်သည့်အချိန်တွင် လုပ်ငန်းများ မပြီးနိုင်ပါက ညွှန်ကြားချက်နှင့်အညီစိစစ်ပြီး ပြန်လည်အပ်နှံကြရန်လိုကြောင်း၊ တာဝန်ရှိသူများက အောက်ခြေလုပ်ငန်းခွင်များသို့ မပျက် သွားရောက်စစ်ဆေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များနှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက အသီးသီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။



ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် လိုအပ်သည်များကို ပြောကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့နှင့်တွေ့ဆုံ

**ဟိုပုံး မေ ၂၁**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းသည် မေ ၂၀ ရက်က ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဟိုပုံးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသအဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများကို ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသအခြေအနေများကို တင်ပြရှင်းလင်းပြီး ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ တွင် နိုင်ငံရေး စိစစ်ရေးကတ်ပြား နှင့် အိမ်ထောင်စုဇယားများ မရှိ သေးပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးရုံးမှ ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း၊ လျှပ်စစ်မီး မရရှိသေး သည့် ဒေသများတွင် လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်ပေးရန် ပြောကြားသည်။




### လက်ခံရယူ

ဆက်လက်၍ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့နှင့် ဟိုပုံးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့သို့ ထောက်ပံ့ ငွေကျပ် ၁၀ သိန်းစီကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် ဟိုပုံးမြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။ **(ဝဲပုံ)**

### လိုအပ်သည်များ မှာကြား

ထို့နောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဟိုပုံးအမှတ် (၂)အခြေခံပညာ အထက်တန်း ကျောင်းသို့ သွားရောက်၍ ကျောင်းဆောင်များ၊ စာသင်ခန်း များကို သွားရောက်ကြည့်ရှုရာ ကျောင်းအုပ်ဆရာမကြီးက ရှင်း လင်းပြီး ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လိုအပ်သည် များ ဖြည့်စွက်မှာကြားသည်။

### အချက်အလက်များတင်ပြ

ယင်းနောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဆီဆိုင်မြို့နယ် အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ဆီဆိုင်မြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ ဆုံရာ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များ တင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြား၍ ဆီဆိုင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့သို့ ငွေကျပ် ၁၀ သိန်း ထောက်ပံ့ ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က လက်ခံယူပြီး ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူတို့သည် ဆီဆိုင်မြို့ အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းဆောင် များ၊ စာသင်ခန်းတို့ကို လှည့်လည် ကြည့်ရှုကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

*စာမျက်နှာ ၂၁ မှ*

ဦးအဘူတွင် မည်မျှတာဝန်ကင်းသည်ကို သုံးသပ်ရပေမည်။ မြေဂရန် အပြိုင်လျှောက်၍ အရှုပ်အရှင်းရှိနေကြောင်း ဦးအဘူအနေဖြင့် ထိုက်သင့်သောသတိဖြင့် စုံစမ်းလျှင်သိရှိနိုင်သည်။ ထိုသို့စုံစမ်းရန် ပျက်ကွက်ပြီး ဝယ်ယူခဲ့သည်။ သို့မဟုတ် သိလျက်နှင့် ဝယ်ယူခြင်းဖြစ်နိုင်သည်။ ဦးအဘူတွင် တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။ စတိသဘော လျော်ကြေးသာပေးသင့်သည်။

ရောင်းသူနှင့် ဝယ်သူတို့သည် အရောင်းအဝယ်ပဋိညာဉ်ပြုလုပ်စဉ်က ရောင်းသူပိုင်သည်ဟု ရောင်းသူရော ဝယ်သူပါ မှားယွင်းယုံကြည်ခဲ့သည့် ကိစ္စတစ်ရပ်ဖြစ်၍ ထိုပဋိညာဉ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ အရ မူလကပင်ပျက်ပြယ်နေသည့် ပဋိညာဉ်ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ပျက်ပြယ်နေသည့် ပဋိညာဉ်အရပေးဆောင်ကတိပြုထားသည့် အဖိုးစားနားငွေကို ရောင်းသူအနေဖြင့် တောင်းဆိုခြင်း ပြုနိုင်မည်မဟုတ်ပေ။

### ဟန်ဆောင်စာချုပ်အပေါ် အခြေခံစွဲဆိုသောအမှု

ထို့ပြင်ချေးငွေကို အိမ်မြေအရောင်းအဝယ်စရန်ပေးငွေအဖြစ် ဖန်တီးထားသောစာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ပါသည်။ စရန်ငွေများကို စာချုပ်ချုပ်သည့်နေ့က အမှန်တကယ် ပေးချေခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။ ငွေကိုအလီလီပေးခဲ့သည့် အထောက်အထားမရှိသဖြင့် စာချုပ်တစ်ခုပြီးတစ်ခုတွင် ချေးငွေအရင်းနှင့် အတိုးပေါ် အတိုးဆင့်၍ တွက်ချက်ဖော်ပြခဲ့သည့် ကြွေးမြီများဟုသာ သုံးသပ်ရမည်ဖြစ်သည်။ အမှုမှာ ချေးငွေကို အိမ်မြေအရောင်းအဝယ်စရန်ပေးငွေအဖြစ် ဖန်တီးထားသည့် ဟန်ဆောင်စာချုပ်အပေါ် အခြေခံစွဲဆိုသော အမှုဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဟန်ဆောင်ချုပ်ဆိုထားသော စာချုပ်နှင့်ပတ်သက်၍ စွဲဆိုသောအမှုကို ခိုင်မာသောအခြေခံမရှိသဖြင့် ပလပ်ရန်ဖြစ်သည်။ **ဒေါ်အေးအေးနှင့် ဒေါ်နန်းလီ(ခ) ဒေါ်လီလီလှိုင်အမှု** တွင်ကြည့်ပါ။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်သူကရောင်းသူအပေါ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးရန်နှင့် လက်ရောက်ရလိုကြောင်း စွဲဆိုသောအမှုတွင် ရောင်းသူက အဆိုပါပစ္စည်းအပေါ် ပိုင်ဆိုင်မှုမရှိကြောင်း ပေါ်ပေါက်နေပါက စွဲဆိုသည့်အတိုင်း ဒီကရီမရနိုင်ပေ။

အရောင်းအဝယ်ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေရန် စွဲဆိုသောအမှုတွင် ပေါ်ပေါက်သော အမှုစွဲဆိုရန်အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းကို လက်ရောက်ပေးအပ်ရန် စွဲဆိုသောအမှု၌ ပေါ်ပေါက်သောအမှုစွဲဆိုရန် အကြောင်းနှင့်မတူချေ။ အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှုမှာ ပစ္စည်းရောင်းချရန် ပဋိညာဉ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက်ပေးအပ်စေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်သည်။

### ပဋိညာဉ်ကို ချိုးဖောက်သူ

အငြင်းပွားမှုအများစုသည် ပဋိညာဉ်ချိုးဖောက်မှုကို အခြေပြုကြပါသည်။ ပဋိညာဉ်တစ်ရပ်သည် ဥပဒေနှင့်**ညီညွတ်ခြင်းရှိ မရှိ** မည်သူသည် **ပဋိညာဉ်ကို** ချိုးဖောက်သူဖြစ်သည်၊ ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် ဥပဒေအရ မည်သူကနစ်နာသည်၊ မည်သူ့တွင် တာဝန်ရှိသည်၊ ချိုးဖောက်မှုအတွက် တရားစွဲဆိုပိုင်ခွင့်ရှိသည် မရှိသည်တို့ကို စွဲဆိုမှု၊ ချေပမှု၊ ဆုံးဖြတ်မှုပြုရာတွင် အလွယ်တကူ ရှာဖွေအသုံးပြုနိုင်စေရန် ကောက်နုတ်တင်ပြအပ်ပါသည်။ ။

# ကုန်ကြမ်းတင်သွင်း၍ ကုန်ချောတင်ပို့ခြင်းဖြင့် ဈေးကွက်ဝင်ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းပို့ကုန်မှ နိုင်ငံအတွက်အခွန်ငွေပိုမိုရရှိနိုင်

**ရန်ကုန်  မေ ၂၁**

ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းကို အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ကုန်ကြမ်းရှားပါးလာချိန်တွင် ပြည်ပမှ ကုန်ကြမ်းတင်သွင်း၍ တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံအတွက် အခွန်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

သဘာဝရေပြင်တွင် ငါးရှားပါးလာချိန်၌ ပင်လယ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံမှ ကကူရံငါးကိုတင်သွင်းပြီး အခြောက်ပြုလုပ်သည့်နည်းတူ ငါးစည်ဖောင်းထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ကာ အပြိုင်အဆိုင် ဝယ်ယူနေသော ပြည်ပ ဈေးကွက်သို့ မြန်မာနိုင်ငံမှတင်ပို့လျက်ရှိရာ ထိုငါးကို တရားဝင်တင်သွင်းခြင်းဖြင့်ပို့ကုန်မှ နိုင်ငံအတွက် အခွန်ငွေနှစ်မျိုးရရှိနိုင်ကြောင်း သိရသည်။

“သဘာဝ ငါးရှားပါးလာတဲ့အတွက် ကကူရံငါးနဲ့ ငါးပုပ်ခြောက် ငါးကို ပြည်ပကတင်သွင်းနိုင်ရင် အဆင်ပြေမယ်။ ကကူရံငါးက ငါးစည်ဖောင်းလည်း ရတယ်။ လုပ်ငန်းရှင်တွေလည်း ရေရှည်ရပ်တည်နိုင်မယ်။ ထိုင်းနိုင်ငံက တစ်ဆင့်ခံပြီး တင်သွင်းနေပေမယ့်နိုင်ငံတော်က အခွန်မရဘူး။ တရားဝင်ပြည်ပကတင်သွင်းဖို့လိုမယ်။ ငါးပုပ်ခြောက်နဲ့ ငါးစည်ဖောင်းကို ပြည်ပတင်ပို့နေတာ ကြာပြီ။ ဈေးကွက်မှာ အပြိုင်အဆိုင် ဝယ်နေကြတာ။ အဲဒီအတွက် ကုန်ကြမ်းအဝင်အခွန်ရသလို ကုန်ချောတင်ပို့ရင်လည်း



ကကူရံငါးများနှင့် ငါးပုပ်ခြောက်ငါးများအား နေလှန်းနေစဉ်။

အခွန်ရမယ်ဆိုတော့ အခွန် နှစ်မျိုးရတယ်။ ကျွန်တော်တို့လည်း မြတ်လို့ လုပ်ကြတာ။ တရားဝင်တင်သွင်းခွင့်ပြုဖို့ပဲ လိုတာ။ ၂၀၁၇ခုနှစ်အထိ အဆင်ပြေတယ်။ နောက်ပိုင်း ကုန်ပစ္စည်း ရှားပါးပြီး ကုန်ချောအခက်အခဲ ရှိလာတယ်။ ကုန်ကြမ်းလှိုင်လှိုင် ရဖို့ပဲလိုတယ်”ဟု မြန်မာနိုင်ငံ ငါးပိ ငါးခြောက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က ပြောသည်။

**စီးပွားရေးလုပ်ငန်းရှင်တို့လိုလား**

ဈေးကွက်ဝင် ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းကို မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့က အများဆုံးဝယ်ယူလျက်ရှိပြီး ငါးစည်ဖောင်းကိုတရုတ်နိုင်ငံကအများဆုံးဝယ်ယူကာ လွန်ခဲ့သော ၁၀ နှစ်ကျော်က ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းကို ပြည်ပသို့ တင်ပို့ရာ၌ ရေလုပ်သားနှင့်လုပ်ငန်းရှင်တို့ အဆင်ပြေသည်။ သဘာဝရေပြင်တွင် ရေသယံဇာတ ရှားပါးလာချိန်၌ ငါးပုပ်ခြောက်နှင့် ကကူရံငါးကို ပြည်ပမှတင်သွင်း၍ ငါးပုပ်ခြောက်ငါးမှငါးစည်ဖောင်း ထုတ်ကာ တန်ဖိုးမြှင့်ထုတ်ကုန်ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်ပြီး ထိုလုပ်ငန်းရပ်နားခဲ့သည်မှာ သုံးနှစ်ကျော် ရှိပြီဖြစ်ရာ အခိုင်အမာ ဈေးကွက်ရရှိထားသော ထိုလုပ်ငန်းပြန်လည်ဦးမော့ရန် စီးပွားရေးလုပ်ငန်းရှင်တို့ လိုလားလျက်ရှိသည်။

**နိုင်ငံအတွက်နှစ်စဉ်အခွန်ငွေရရှိ**

ပြည်ပဝယ်လိုအားကောင်းသော ငါးပုပ်ခြောက်နှင့်ငါးစည်ဖောင်းကို ကုန်ကြမ်းအဖြစ်ထိုင်းနိုင်ငံမှ တစ်ဆင့်ခံ တင်သွင်းခြင်းထက် ပြည်ပမှတရားဝင်တင်သွင်းမှုဖြင့် နိုင်ငံတော်အခွန်ငွေရရှိမည့်အပြင် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် အခြားရေထွက်ကုန်ပစ္စည်းများလည်း တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုကာလတွင် ပြည်တွင်း ငါးပိ၊ ငါးခြောက် ဈေးနှုန်းသိသာစွာ လှုပ်ရှားမှုမရှိဘဲ ဒေါ်လာဖြင့် ဝယ်ယူသော ကုန်ပစ္စည်းများ ဈေးကစားလျက်ရှိရာ အခြေခံ ပြည်သူအများစု စားသောက်ကုန်ဖြစ်သော ငါးပိ ငါးခြောက်ပြည်တွင်းဈေးကွက် တည်ငြိမ်လျက်ရှိ သည်။ ကုန်ကြမ်းအပြည့်အဝ လိုအပ်ချက်ကြောင့် ဈေးကွက်ဝင်ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းတင်ပို့မှု ကျဆင်းခဲ့ပြီး ဝယ်လိုအားနှင့် ရောင်းလိုအားအသင့်ရှိနေသောလုပ်ငန်းဖြစ်သောကြောင့် ပြည်ပမှ ကုန်ကြမ်းတင်သွင်းခွင့်ရရှိပါက တန်ဖိုးမြှင့်ရေထွက် ထုတ်ကုန်ထုတ်လုပ်မှုမှ နိုင်ငံတော်အတွက် နှစ်စဉ်အခွန်ငွေပိုမိုရရှိနိုင်ကြောင်း သိရသည်။

**သတင်း-ညိမ်းသူ၊ဓာတ်ပုံ-ကနူး**

# သုံးခွမြို့တွင် သောက်ရေဖြန့်ဝေပေး

**သုံးခွ  မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကန်ပေါင်း ၅၇ ကန်ရှိပြီး ၎င်းတို့ထဲမှ မြို့ပေါ်ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်သို့ ရေပိုက်လိုင်းဖြင့် အလှည့်ကျ ရေဖြန့်ဝေပေးနေသော ရေပေးဝေရေးကန်လေးကန်၊ ရေကူကန် ငါးကန်မှာ ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်ရေသုံးရေများ ခန်းခြောက်သွားသဖြင့် ပြည်သူများအဆင်ပြေစေရန် အမှတ် ၅ ရပ်ကွက်တွင် တူးဖော်ထားသော စက်ရေတွင်း ငါးတွင်းမှ သုံးရေကိုရေပိုက်လိုင်းဖြင့် အလှည့်ကျ ဖြန့်ဝေပေးလျက်ရှိသည်။

ကံမြင့်ကျေးရွာ၌ တူးဖော်ထားသော စက်ရေတွင်းမှ သောက်ရေကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်ရေ အခက်အခဲရှိသော ရပ်ကွက်များသို့ ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၈ ရက်က သောက်ရေအခက်အခဲရှိသော အမှတ် ၉ ရပ်ကွက် အောင်မင်္ဂလာပိုင်းတွင် စနစ်တကျ ဖြန့်ဖြူးပေးခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး က ပြောကြားသည်။

**ကိုကျော်(သုံးခွ)**

# နေပြည်တော် အိမ်ခြံမြေဈေးကွက် လာမည့် ငါးနှစ်အတွင်း အရောင်းအဝယ်အားကောင်းလာနိုင်

**နေပြည်တော် မေ ၂၁**

နေပြည်တော် အိမ်ခြံမြေဈေးကွက်မှာ လာမည့် ငါးနှစ်အတွင်း အရောင်းအဝယ်အားကောင်းလာသည့် ဈေးကွက်တစ်ခု ဖြစ်လာနိုင်ကြောင်း နေပြည်တော်ရှိ အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

နေပြည်တော်၏ နေရာတချို့တွင် လွန်ခဲ့သော သုံးနှစ်နှင့် နှိုင်းယှဉ်လျှင် အိမ်ခြံမြေဈေးနှုန်းမှာ နှစ်ဆခန့်မြင့်တက်နေသော်လည်း ရန်ကုန်-မန္တလေးမြို့များထက် ဈေးနှုန်းသိသာစွာ နည်းနေသေး၍ ရင်းနှီးမြှုပ်နှံထားသင့်သည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း သိရသည်။

“နေပြည်တော်မှာ စက်မှုဇုန်လုပ်ငန်းတွေ၊ ရုပ်ရှင်ရုံတွေ၊ နိုင်ငံတကာ တက္ကသိုလ်တွေ အကောင်အထည်ဖော်လိုက်ရင် တကယ့်ဈေးကွက်ကြီးဖြစ်လာမှာပါ။ လက်ရှိမှာ လူနေလည်းထူထပ်လာနေတယ်ဆိုတော့ စီးပွားရေးလုပ်မယ့်သူတွေအတွက် အဆင်ပြေတာပေ့ါ။ စီးပွားရေး လုပ်တယ်ဆိုတာလည်း လူရှိမှ လုပ်လို့ရမှာလေ။ ပြီးတော့ နေပြည်တော် မြေဈေးတွေက ပေ ၁၀၀ ပတ်လည်မှ သိန်း ၁၀၀၀ အထက်ပဲ ဈေးရှိတာဆိုတော့ ရန်ကုန်-မန္တလေးနဲ့ယှဉ်ရင် ဈေးနည်းတယ်ဆိုပေမယ့် ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် အလားအလာ ကောင်းပါတယ်” ဟု နေပြည်တော် အိမ်ခြံမြေ အကျိုးဆောင် တစ်ဦးက ပြောသည်။

လက်ရှိတွင် နေပြည်တော်သည် အုပ်ချုပ်မှုမြို့တော်ဖြစ်ပြီး အခြေခံအဆောက်အအုံကောင်းများရှိခြင်း၊ လမ်း၊ ရေ၊ မီး ကောင်းမွန်ခြင်းတို့ကြောင့် ဆက်လက်ဖွံ့ဖြိုးရန် အလားအလာရှိနေသည့်အတွက် လာမည့် ငါး နှစ်အတွင်း တစ်ဟုန်ထိုးတက်လာမည့် ဈေးကွက်ကြီးအဖြစ် တွက်ဆထားကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက ဆိုသည်။

**အေမင်း**

# ခိုင်ကမ်းမြို့၌ စာပေချစ်သူများ စာဖတ်ဝိုင်းပြုလုပ်

**ခိုင်ကမ်း  မေ ၂၁**

ဖလမ်းခရိုင် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မေ ၁၉ ရက်က စာရေးဆရာ ဒေါက်တာလှဲ့လှဲ့ဝင်း (ဒဿနိကဗေဒ) ရေးသားထုတ်ဝေသည့် “တွေးဖို့ ဘာကြောင့်လိုတာလဲ” စာအုပ်ဖြင့် စာပေချစ်သူများအဖွဲ့မှ စာဖတ်ဝိုင်း ပြုလုပ်သည်။

စာဖတ်ဝိုင်းတွင် စာပေချစ်သူအဖွဲ့ဝင် ဒေါ်ပီးပီးက ပြုစုပျိုးထောင်သင့်တဲ့ အရာတွေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာပေချစ်သူ ဦးဂျိုးဇက်က တန်ဖိုး၊ အမူအကျင့်နှင့် ပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန်ဆွေးနွေးကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက စာဖတ်ဝိုင်းများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများ လိုက်နာကျင့်သုံးကာ စာချစ်သူများနှင့်အပတ်စဉ် လစဉ် စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ပြီး စာပေချစ်သူများ၏ ဖတ်ရှုသွားသည့် စာပါအကြောင်းအရာများကို မိမိတို့ လေ့လာမှတ်သားခဲ့သည့် ရှုထောင့်အသီးသီးမှ ဆွေးနွေးဖလှယ်ကြသည်။

**ဝုန်လွန်းညောင်(ခိုင်ကမ်း)**

# မန္တလေးတိုင်းဒေသကြီးရှိ နွေသီးနှံစိုက်ဧက ၁၄၀၀၀ ကျော်ကို စိုက်ပျိုးရေ ပြည့်ဝစွာဖြန့်ဝေပေးလျက်ရှိ

**မန္တလေး  မေ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏နွေသီးနှံစိုက်ဧက ၁၄၀၀၀ ကျော်ကို ရေတင်စခန်း ၃၃ ခုမှ စိုက်ပျိုးရေများပြည့်ဝစွာ သုံးစွဲစိုက်ပျိုးနိုင်ရန် ဖြန့်ဝေပေးပြီး လျာထားဧက ပြည့်မီအောင် တောင်သူများအဆင်ပြေစွာ စိုက်ပျိုးနေကြကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။



အဆိုပါ နွေသီးနှံလျာထားဧကများတွင် တောင်သူများ စိုက်ပျိုးနိုင်ရန်အတွက် ခရိုင်၊ မြို့နယ်အလိုက် ရေတင်စခန်းများမှ ရေများပြည့်ဝစွာ သုံးစွဲနိုင်ရန် တစ်ပြေးညီ မတ်လ တတိယပတ်မှ စတင်ပြီး ပေးဝေစိုက်ပျိုးနေကြောင်း၊ ယခုအချိန်အထိ စိုက်ပျိုးပြီးစီးနေသည့် ဧကမှာ ၁၁၀၀၀ ကျော်ရှိနေကာ ယခုလကုန်အပြီး စိုက်ပျိုးမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် စိုက်ပျိုးရေများ ပြည့်စွာ သုံးစွဲနိုင်ရန် ရေတင်စခန်း ၃၃ ခုမှ ရေများ ဖြန့်ဝေပေးနေကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာန (ရေအရင်းအမြစ်)မှ ဦးစီးအရာရှိဦးကျော်မြင့်က ပြောကြားသည်။

အဆိုပါ ရေတင်စခန်းများမှ ၂၀၂၀-၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ဧကများအတွက် နွေစပါးစိုက်ဧက ၃၅၁၈၊ အခြားသီးနှံများ စိုက်ဧက ၁၀၈၈၄ စုစုပေါင်း နွေသီးနှံစိုက်ဧက ၁၄၄၀၂တို့ကို တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ရေများ ပြည့်ဝစွာ ပေးဝေနေသည့် ရေတင်စခန်းများမှာ ပုသိမ်ကြီးမြို့နယ်တွင် ရေတင်စခန်း လေးခု၊ အမရပူရမြို့နယ်တွင် ရေတင်စခန်းလေးခု၊ မတ္တရာ မြို့နယ်တွင် ဆည်တော်ကြီး၊ စဉ့်ကိုင်မြို့နယ်တွင် ရေတင်စခန်း ကိုးခု၊ မြစ်သားမြို့နယ်တွင် ရေတင်စခန်း တစ်ခု၊ တံတားဦးမြို့နယ်တွင် ရေတင်စခန်း တစ်ခု၊ ငါန်းဇွန်မြို့နယ်တွင် ရေတင်စခန်း သုံးခု၊ မြင်းခြံမြို့နယ်တွင် ရေတင်စခန်း လေးခု၊ တောင်သာမြို့နယ်တွင် ရေတင်စခန်းတစ်ခု၊ ညောင်ဦးမြို့နယ်တွင် ရေတင်စခန်းငါးခု စုစုပေါင်းရေတင်စခန်း ၃၃ ခုတို့မှ ရေများဖြန့်ဝေပေးလျက်ရှိသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ ၂၁**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ဆုမြတ်သူလွင် | အလယ်တန်းပြ၊ အထက(လောင်းလုံး)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်နှင်းဖြူဝင်း(ခ)နီနီ | အလယ်တန်းပြ၊ အထက၊ ဘုရားသုံးဆူမြို့ | ဘုရားသုံးဆူမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၃ | ဦးချမ်းမြေ့အောင် | အလယ်တန်းပြ၊ အထက-ခွဲ(ပေခုနှစ်ပင်)၊ ပေါက်မြို့ | ပေါက်မြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးနေလင်းထွန်း | အလယ်တန်းပြ၊ အလက-ခွဲ(နန်းခလဲ)၊ သုံးခွမြို့နယ် | သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ခင်စိုးဦး | အလယ်တန်းပြ၊ မူလွန်(ကြံ့ခိုင်ရေး)၊ သံဖြူဇရပ်မြို့ | မုဒုံမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၆ | ဒေါ်စန္ဒာမြတ်စုခန့် | အလယ်တန်းပြ၊ အထက(၁)၊ မြဝတီမြို့ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၇ | ဒေါ်မွန်မွန်ခိုင် | အလယ်တန်းပြ၊ အထက(လောင်းလုံး)၊ လောင်းလုံးမြို့ | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်ဖြူမိုမို | အလယ်တန်းပြ၊ အလကခွဲ၊ ပလောက်မြို့ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်နှင်းသီတာလှိုင်(ခ) ဘုတ်ဆုံ | မူလတန်းပြ၊ အမက(၁)၊ စစ်ကိုင်းမြို့ | စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးလှမျိုးမောင် | စာရင်းကိုင်၊ မြင်းခြံတက္ကသိုလ်၊ မြင်းခြံမြို့ | မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်း ပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ ၂၁**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှု အပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ချိုချိုမွေး (အထက်တန်းသူနာပြု) | အောင်ဘာ တိုက်နယ်ဆေးရုံ | သရက်ချောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်သက်မာဦး (အထက်တန်းသူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၃ | ဒေါ်ညွန့်ညွန့်အေး (အထက်တန်းသူနာပြု) | နမ့်စန် ပြည်သူ့ဆေးရုံ | နမ့်စန်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၄ | ဒေါ်သဉ္ဇာ (အထက်တန်းသူနာပြု) | ဖိုးဦးစိန် တိုက်နယ်ဆေးရုံ | ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ခင်နှင်းဖြူ (အထက်တန်းသူနာပြု) | နမ့်စန် ပြည်သူ့ဆေးရုံ | နမ့်စန်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၆ | ဒေါ်ဖြူစင် (သူနာပြု) | ပေါင်းလောင်း တိုက်နယ်ဆေးရုံ | လှိုင်ဘွဲ့မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၇ | ဒေါ်နော်လေးဝါးဆိုး (သူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်နန်းသင်းသင်းဖြူ (သူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဒေါ်အိဇင်ဖြိုး (သူနာပြု) | ကျုံပျော် ပြည်သူ့ဆေးရုံ | ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ဖြူဖြူဇင် (သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | လောင်းလုံးမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့တွင် လူသတ်မှုနှင့် မုဒိမ်းမှုတို့ကို ကျူးလွန်ခဲ့သူများ ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ရတနာလမ်း အမှတ် ၁၈၀ နေအိမ်၌ ဧပြီ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် သန့်ဇင်(ဘ)ဦးကြည်ထွန်းက ညီအစ်မဝမ်းကွဲတော်စပ်သူနှင့် စကားများရန်ဖြစ်ကာ အရိုး/အသွား (၆)လက်မခန့်ရှိ ဓားဖြင့် ထိုးခဲ့ခြင်းကြောင့် လူသေဆုံးသည်အထိ လူသတ်မှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ - ၃၀၂(၂) အရ ၎င်းအား မေ ၂၀ ရက်တွင် " အလုပ်နှင့် ထောင်ဒဏ် အနှစ် (၂၀)" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း အသက်မပြည့်သေးသူ အမျိုးသမီးငယ်တစ်ဦးကို ဧပြီ ၁၅ ရက်မှ ဧပြီ ၁၇ ရက်အထိ ကာလအတွင်း အဓမ္မမှုကျူးလွန်ခဲ့သည့် ကျော်ဝေယံသာ(ဘ)ဦးကျော်စိုးကို စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ-၃၇၆(၁) အရ ၎င်းအား မေ ၂၀ ရက်တွင် " အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ "အား အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အဆောက်အဦနှင့် စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့်စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြောင်မြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့၌ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန်အတွက် ပြုလုပ်ထားရှိသည့် လက်နက်၊ ပစ္စည်းများနှင့်အတူ အမျိုးသားနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၁

**စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့၌ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန်အတွက် ပြုလုပ်ထားရှိသည့် လက်နက်၊ ပစ္စည်းများနှင့်အတူ အမျိုးသားနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**



တန့်ဆည်မြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် တူမီးသေနတ်နှင့် အခြားဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိစဉ်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် မြောင်မြို့နယ် ချောင်းဇင်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဖုန်းဆိုးကွင်းပြင်၌ အကြမ်းဖက်သူများက နိုင်ငံတော်ဆန့်ကျင်ရေး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် ယာယီတဲများထိုးကာ လူငယ်လူရွယ်များကို စည်းရုံး၍ တဲများအတွင်း၌ တူမီးသေနတ်များ၊ လက်လုပ်မိုင်းများ ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးနည်းများ သင်ကြားပေးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ထို့သို့ သွားရောက်စစ်ဆေးခဲ့ရာ ယာယီတဲ ခြောက်လုံးတွေ့ရှိရပြီး ဝင်ရောက်စစ်ဆေးခဲ့ရာ တဲများအတွင်းမှ အကြမ်းဖက်သူများအား မတွေ့ရှိရဘဲ တူမီးသေနတ်မျိုးစုံ ၁၁ လက်၊ တူမီးသေနတ် ပြုလုပ်ရန် ပြုလုပ်ထားသည့် ပြောင်းအရှည် ၁၀၆ ခု၊ ပြောင်းအတို ၅၃ ခု၊ တူမီးသေနတ် သစ်သားဒင် ၉၃ ခု၊ လက်လုပ်မိုင်း ၁၁ လုံး၊ မိုင်းပြုလုပ်ရန် ပိုင်းဖြတ်ထားသည့် အရှည် တစ်ပေခန့်ရှိ သံပိုက်အချောင်း၃၀၊သတ္တုကွင်း၄၅ခု၊ယမ်းထောင်းသတ္တုဆုံခုနှစ်လုံး၊ ကားမိုင်းပြုလုပ်မည့် သံကွင်းအကြီး ငါးခု၊ ကန့် သုံးကီလိုခန့်ပါ သံပုံးတစ်ပုံး၊ ယမ်းမဲ နှစ်ကီလိုခန့်ပါ သံပုံးတစ်ပုံး၊ ခဲဝရိန်ဆော်စက် တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် အဆိုပါ လက်နက်၊ ပစ္စည်းများ ပြုလုပ်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ နံနက် ၅ နာရီတွင် တန့်ဆည်မြို့နယ် ထန်းတောကျေးရွာနေ သန်းစိုး (၃၅ နှစ်) (ဘ) ဦးညွန့်ဝေ၏နေအိမ်၌ လက်နက်များ သိုဝှက်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ အဆိုပါ ကျေးရွာနေ ကျော်မိုးအောင် (၃၂ နှစ်) (ဘ) ဦးကြည်လင်းနှင့် တင်မျိုး (၄၀ နှစ်)(ဘ) ဦးညိမ်းတို့ နှစ်ဦးအား တူမီးသေနတ် တစ်လက်၊ ယမ်းထောင်းတံ တစ်ချောင်း၊ ခဲသီး ၁၈၇ လုံး၊ ယမ်းလိပ် ၂၃ လိပ်၊ ယမ်းမှုန့် တစ်ဘူး၊ အုန်းဆံခွံ တစ်အိတ်၊ မီးကူး ယမ်းမှုန့်များထည့်ထားသော ပင်နီဆလင်ပုလင်း တစ်လုံး၊ ဂက်စ်သေနတ်အပိုင်းအစ တစ်ခု၊ သံဘောစေ့ အလုံး ၁၀၀၊ ဝါးရိုးတံလုံ တစ်ချောင်း၊ ဓားရှည် ငါးချောင်း၊ ဓားမြှောင် ၁၁ ချောင်း၊ နှစ်ခွဆူးချွန် တစ်ချောင်း၊ စတီးပိုက် သုံးချောင်း၊ သံပိုက် တစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၌ လှည့်ကင်းဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်အဖွဲ့က ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များတွင် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများပါဝင်သော ပူးပေါင်းအဖွဲ့များက နေ့ညမပြတ် လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်ခန့်တွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆိုကျေးရွာအုပ်စု မားနာပလော့ကျေးရွာအထွက်သို့ အရောက်၌ လမ်း၏ဝဲ/ယာတို့မှ လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၂၀ ခန့်က လက်နက်ငယ်များ၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံး၊ လက်ပစ်ဗုံးများဖြင့် ဝိုင်းဝန်းပိတ်ဆို့ အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ၉ နာရီခွဲခန့်တွင် လက်နက်ကိုင်အကြမ်းဖက်သူများမှာ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အထက်ပါ ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ်သုံးစီးတို့တွင် လက်နက်ငယ်ကျည်ထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့များ ဆုတ်ခွာရာနောက်သို့ လိုက်လံစစ်ဆေးစဉ် မားနာပလော့ကျေးရွာ၏ အရှေ့မြောက်ဘက် လယ်ကွင်းအနီး၌ ၁၂ ဗို့ ရော်ဘာကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိသော အလောင်းတစ်လောင်းကို တူမီးသေနတ် နှစ်လက်၊ လက်လုပ်သေနတ် တစ်လက်တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ရပြီး အမျိုးသား ၁၃ ဦး၊ အမျိုးသမီး နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းရမိသူများအား လိုအပ်သည်များ စစ်ဆေးနိုင်ရန်အတွက် လွိုင်ကော်မြို့သို့ တပ်မတော်မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ရာ ငွေတောင်ကျေးရွာ အနီးရောက်ရှိစဉ် အကြမ်းဖက်သောင်းကျန်းသူ အင်အား ၈၀ ခန့်က လမ်းဝဲယာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းနှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ထိခိုက်သေဆုံးခဲ့ကာ အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကျဆုံး၍ နှစ်ဦး ဒဏ်ရာရရှိခဲ့သည့်အပြင် မော်တော်ယာဉ်သုံးစီးနှင့် လက်နက်၊ ခဲယမ်းအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြောင်းမဲ့ဝိုင်းဝန်းပိတ်ဆို့ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးပမာဏအများအပြား သယ်ဆောင်လာမည်ဖြစ်ကြောင်း သတင်းအရ မေ ၂၀ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနီး၌ စောင့်ဆိုင်းနေစဉ် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမှ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ဘက်သို့ အောင်အောင်(၃၉)နှစ် မောင်းနှင်ပြီး စိုင်းစံထွန်း(ခ) စိုင်းပီး(၃၃)နှစ်၊ စိုင်းမွန်ခမ်း(ခ) အစိုင်း(၃၁)နှစ်၊ စိုင်းကိုခမ်း(၃၀)နှစ်၊ စိုင်းခမ်းနောင်(၂၃)နှစ်၊ ဝေဖြိုးအောင်(၃၁)နှစ်တို့ လိုက်ပါလာသည့် Toyota Hiace ယာဉ်ကိုရှာဖွေရာ ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) နန့်စန်မြို့နယ် ဝမ်ဟင်းကျေးရွာမှ မန္တလေးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အောင်အောင်ပါ ခြောက်ဦးကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေရန်ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးဖြန့်ချိသူကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၁

**လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာနေထိုင်လိုသော မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိစေရေးအတွက် နေ့/ညမပျက် ဆောင်ရွက်လျက်ရှိရာ အဖျက်အမှောင့်ဆောင်ရွက်လိုသူများက အဆိုပါလှုပ်ရှားမှုများအပေါ် ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေရန်ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးထုတ်လွှင့်ခြင်းများ နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၁၄ ရက် ည ၇ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက အင်းလျားလမ်းနှင့် ဥယျာဉ်လမ်းထောင့်နေရာ၌ မရတနာလှိုင် စီးနင်းလာသော LEXUS အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေး၍ ၎င်းကားပေါ်တွင်ပါရှိသည့် လက်ကိုင်ဖုန်း ငါးလုံးကို သိမ်းဆည်းယူဆောင်သွားကြောင်း လုပ်ကြံစွပ်စွဲသတင်းဖြန့်ချိမှု ဖြစ်ပွားခဲ့သည်။



မရတနာလှိုင်

ဖြစ်စဉ်ကိုစိစစ်ရာ လှိုင်မြို့နယ် ပါရမီလမ်း(၁၆)ရပ်ကွက် အမှတ် ၆၃ ၌ နေထိုင်သည့် မရတနာလှိုင်(ဘ) ဦးစိန်လှိုင်သည် မေ ၁၄ ရက် ညပိုင်းတွင် ၎င်း၏ သူငယ်ချင်းလေးဦးနှင့်အတူ ဗမ္မစေတီလမ်းပေါ်ရှိ စားသောက်ဆိုင်သို့ သွားရောက်စားသောက်စဉ် ၎င်းကိုင်ဆောင်သည့် I Phone 12 Promax အမျိုးအစား လက်ကိုင်ဖုန်း ပျောက်ဆုံးသွားခဲ့မှုအပေါ် အကြောင်းပြု၍ ၎င်း၏ လက်ကိုင်ဖုန်းအပါအဝင် သူငယ်ချင်းများ၏ လက်ကိုင်ဖုန်း စုစုပေါင်း ငါးလုံးကို ကမာရွတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက သိမ်းဆည်း ယူဆောင်သွားခဲ့ခြင်းဖြစ်သည်ဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် သတင်းမှား ဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ လုပ်ကြံဖန်တီးသူအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၀၅ စီး၊ သွင်းကုန် ၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၂ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Cotton Ropes(300kg) 16 Pkgs၊ Cat Food 20 Pkgs၊ Lactasoy (300mx36)26 Pkgs နှင့် ခြင်ထောင် (1x5 Pcs) 40 Pkgs၊ PSI ဇန်း 20 Pcs၊ PSI ဒေါက် 20 Pcs နှင့် PSI Receiver 20 Pcs၊ Water Cooler (Used)20 U၊ TV (Used) 42 U နှင့် ရေခဲသေတ္တာ (Used) 10 U၊ Towel (240 Pcs)၊ ခြင်ထောင် (80 Pcs)၊ Men War (Vest) (360 Pcs)၊ Child (Vest) (70 Pcs)၊ Lady Blouse (150 Pcs) နှင့် Women Wear (T-Shirt) (200 Pcs)၊ Air Cutter 8 U အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း CDM လှုပ်ရှားမှုတွင် ဦးဆောင်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် CDM လှုပ်ရှားမှုကို အခြေခံပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်မှုများကို ဦးတည်စေသော ဆူပူဆန္ဒပြမှုများကို သွေးထိုးလှုံ့ဆော်လျက်ရှိသောကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပူးပေါင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု မြကံသာကျေးရွာတွင် ဆူပူဆန္ဒပြသူအင်အား ၅၀ ခန့်က ဆန့်ကျင်စာသားများဖြင့် ဆူပူဆန္ဒပြသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ ဦးဆောင်သူမှာ ဒေါ်စိုးစိုး(ဘ)ဦးစံဟိန်း မူလတန်းပြ အခြေခံပညာအထက်တန်းကျောင်း (မြကန်သာ) ဖြစ်ကြောင်းနှင့် ၎င်း၏ သားသမီးများဖြစ်သည့် မရတနာဦး၊ မသီရိရတနာ၊ သားဖြစ်သူ မောင်ရန်ရှင်းအောင်၊ ရန်လင်းအောင်တို့ကို အဖြူအစိမ်းများဝတ်ဆင်စေကာ သပိတ်စစ်ကြောင်းတွင် ပါဝင်စေလျက်ရှိကြောင်း သိရှိရသဖြင့် နေအိမ်သို့ ညနေပိုင်းတွင် သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်စိုးစိုးနှင့် သမီးဖြစ်သူ မရတနာဦး(ဘ)ဦးအောင်ဆန်းဦးတို့ကို တွေ့ရှိခဲ့ရပြီး ထိန်းသိမ်းခဲ့ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၁** – မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

### သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့


### အသိပေးကြေညာခြင်း

မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ ၀ဒသမ ၁၁၅ ဧကရှိ မြေနေရာအား ဒေါ်ကျင်ရီ(ခ)ရီအားယုံ ၁၃/ကခန(နိုင်)၀၇၁၃၆၂အမည်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံး၏ (၂၅-၄-၂၀၀၃)ရက်စွဲပါ မြေငှားဂရန် အမှုတွဲအမှတ် (၉၂/မဆ/၂၀၀၃)ဖြင့် (၂၅-၄-၂၀၀၃)ရက်မှ (၂၄-၄-၂၀၃၃)ရက်အထိ နှစ် (၃၀) မြေငှားဂရန်ထုတ်ပေးထားရှိပြီး ၎င်းထံမှ ဦးရန်မြင့်ရှိန်သည် (၁၅-၁၁-၂၀၀၆)ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်ဝိုင်းမြေလွှဲပြောင်းရောင်းချခြင်းစာချုပ်ချုပ်ဆို ဝယ်ယူခဲ့ရာ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားရာတွင် ဒေါ်ကျင်ရီ(ခ)ရီအားယုံအမည်ဖြင့် ထုတ်ပေးထားရှိသော မူရင်းဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြုပါရန် တင်ပြလာမှုအပေါ် ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်အထောက်အထားများ ယူဆောင်လာ၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား ဒုတိယမိတ္တူမှန်မြေငှားဂရန်ထုတ်ပေး သွားမည်ဖြစ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၆၉၀၊ ၀၈၂-၅၀၅၀၃**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းမာလာ ၁၂/ကမတ(နိုင်)၀၀၁၆၀၆ ကိုင်ဆောင်သူ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆) အရှေ့ရပ်ကွက်၊ အောင်သုခလမ်းမကြီး၊ အမှတ် (၉၂)တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးမိုးဇော်နိုင်နှင့် ဒေါ်နှင်းမာလာတို့သည် ၁၉၉၇ ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီး တစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိကြတော့သဖြင့် ၂၃-၁၂-၂၀၂၀ရက်တွင် နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ပါ၍ ဦးမိုးဇော်နိုင်နှင့်ပတ်သက်၍ မည်သည့်အကြောင်း တစ်စုံတစ်ရာနှင့်မျှ ပတ်သက်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းမာလာ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်အက်စတာရွှေ
အထက်တန်းရှေ့နေ(စဉ်-၅၃၇၆၁)
အမှတ် (၂၀)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၈၆၃၁၈၆၆၄၂၀

### ဒေါ်နီနီအောင် (၇/တငန(နိုင်)၂၀၄၅၅၀) (ဘ)ဦးတင်အောင် ဝက်အရောင်းအဝယ်လုပ်ငန်း၊ ဆားကျင်းကျေးရွာ၊ ဇီးဒိုင်းကျေးရွာ အုပ်စု၊ တောင်ငူမြို့သို့ အသိပေးကြေညာခြင်း

အသင် ဒေါ်နီနီအောင်သည် စီးပွားရေးလုပ်ငန်းအတွက် ငွေအရေးတကြီးလိုအပ်နေ၍ ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးအေးမင်း ၁၂/မဂတ(နိုင်)၀၇၆၆၀၁၊ သံတောင်ကြီးမြို့ထံမှ ငွေကျပ် ၉၅၀၀၀၀၀/ (ကျပ်ကိုးဆယ့်ငါးသိန်း)ကို အတိုးမဲ့ခေတ္တ ချေးငှားပါရန် မေတ္တာရပ်ခံ အကူအညီတောင်းခံလာ၍ ဒေါ်အေးအေးမင်းက ၁၈- ၁၂-၂၀၁၉ ရက်စွဲပါ ငွေအပ်နှံခြင်း ကတိစာချုပ်ချုပ်ဆိုပြီး သင့်ထံသို့ ငွေကျပ် ၉၅၀၀၀၀၀ (ကျပ်ကိုးဆယ့်ငါးသိန်း)တိတိကို ပေးအပ်လက်ခံခဲ့ကြကြောင်း၊ ချေးငွေကျပ် ၉၅၀၀၀၀၀ ကို ၁-၂-၂၀၂၂ ရက် နောက်ဆုံးထား၍ ဒေါ်အေးအေးမင်းထံ အပြေအကျေ တစ်လုံးတည်း ပေးအပ်ပါမည်ဟု စာချုပ်၌ သင်က ဝန်ခံကတိပြုခဲ့သော်လည်း ယခုတိုင် ပြန်လည်ပေးအပ်ခြင်းမရှိဘဲ အကြောင်းမဲ့ပျက်ကွက်လျက်ရှိသည်ဟု သိရပါသည်။

သို့ပါ၍ ဒေါ်အေးအေးမင်းထံမှ အသင် ဒေါ်နီနီအောင်ရယူခဲ့သော အဆိုပါ ငွေကျပ် ၉၅၀၀၀၀၀ ကို ဤကြော်ငြာပါသည့်ရက်မှ နောက် ၁၀ ရက်အတွင်း ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးအေးမင်းထံသို့ လာရောက်၍ အပြေအကျေ ပေးဆပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

ဒေါ်အေးအေးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောမြင့်ကို (LL.B) နိုင်ငံတော်ပဗ္ဗလစ် နိုင်ငံတော်ပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ
ဦးပြေငြိမ်း(LL.B) အထက်တန်းရှေ့နေ
ဦးကျော်ဇေယျ(LL.B) တရားလွှတ်တော်ရှေ့နေ
ဖုန်း- ၀၉- ၄၂၀၇၆၅၀၇၈၊ အမှတ် (၁၂/၃၃)၊ မြသီတာလမ်း၊ ရန်အောင်(၁)၊ မကျီးတောရပ်၊ နေပြည်တော်၊ ပျဉ်းမနားမြို့

### အရံစေတီတော်များနှင့် သဗ္ဗဇယ အောင်မင်္ဂလာ စေတီတော်မြတ်ကြီး ထီးတော်တင်လှူရန်အတွက် အလှူရှင်များအား နှိုးဆော်ဖိတ်ကြားလွှာ

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် စကြာကျောင်းတိုက်ရှိ စကြာရတနာစူဠာမုနိ စေတီတော်မြတ်ကြီးရှိ အရံစေတီတော်များနှင့် အသစ်တည်ထားလျက်ရှိသော သဗ္ဗဇယ အောင်မင်္ဂလာ စေတီတော်မြတ်တို့အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူခြင်း ဗုဒ္ဓဘိသေက အနေကဇာတင်လှူခြင်း၊ အလှူတော် မင်္ဂလာအား ပြုလုပ်မည်ဖြစ်သောကြောင့် ရပ်ဝေး၊ ရပ်နီးမှ အလှူရှင်များအနေဖြင့် ကြွရောက်နိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။


**နေ့ရက်** – ၂၅-၅-၂၀၂၁ရက်(၁၃၈၃ ခုနှစ် ကဆုန်လပြည့်နေ့)
**နေရာ** – စကြာတောင် ကျောင်းတိုက်၊ ပင်းတယမြို့နယ်
**ဆက်သွယ်ရန်** – အရှင်စန္ဒိမာ (ဖုန်း- ၀၉- ၄၄၈၀၀၆၈၆၉)
ဦးသန်းဇော်ဦး ဖုန်း- ၀၉- ၄၂၈၃၇၅၂၆၇

### မွေးသက္ကရာဇ် အမှန်

ဦးမောင်ဘစိန်၏သမီး၊ ကျောက်တော် မြို့နယ်၊ ဦးစွန်းတောင်ကျေးရွာနေ မယုယုလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ် အရ (၁၂-၁၀-၂၀၀၂) ဖြစ်ပါကြောင်း။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးတောင် ဂေါက်သီးရိုက်အသင်း အတွင်းရေးမှူးဟောင်း ဦးအောင်သန်း (ရွှေမန်း အထည်စက်) အသက် (၈၅)နှစ် သည် ၁၆-၅ -၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတောင်ဂေါက်သီးရိုက်အသင်းသူ အသင်းသားများ**

## ဒေါ်နီနီငြိမ်း(ဗန်းမော်မြို့)
### အထက(၁)အထက်တန်းပြဆရာမ(ငြိမ်း)
### အသက်(၇၁)နှစ်

ဗန်းမော်မြို့၊ ဗောဓိလမ်းနေ(ဦးအီဇီကယ်-ဒေါ်လု)တို့၏သမီးကြီး၊ ဒေါ်နွဲ့နွဲ့အေး(ခရိုင်စစ်ရှိ၊ ငြိမ်း)၊ ဦးကျော်မင်း(အထက- ၄၊ ငြိမ်း)-ဒေါ်သန်းသန်းဝင်း(ကျန်းမာရေး၊ ငြိမ်း)၊ (ဒေါ်သစ်သစ်)(မြန်မာ့ရေနံ၊ ငြိမ်း)တို့၏အစ်မ၊ (ဦးစိုးသန်း)၏ ဇနီး၊ ဒေါ်ခိုင်ခိုင်ဝင်း(လ/ထ စာရင်းစစ်မှူး)ပဲခူးမြို့၊ ဦးအောင်စိုးငြိမ်း၊ ဗိုလ်မှူးချုပ် ကျော်စွာဝင်း-ဒေါ်ယမင်းငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မငြိမ်းသီရိကျော်၊ မမင်းအိန္ဒြေကျော်၊ မငြိမ်းလဲ့ကြယ်စင်တို့၏ ချစ်လှစွာသောအဘွား၊ မထက်ထက်လင်း(မြန်မာ့ရှေ့ဆောင်ဘဏ်)၊မောင်စည်သူမင်းတို့၏အဒေါ် သည် ၂၁-၅-၂၀၂၂ရက် (သောကြာနေ့) နံနက် ၈:၁၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၃-၅-၂၀၂၂ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ကိုကျော်မြတ်စိုး
### အသက်(၄၇)နှစ်

ဦးစိုးသာ -ဒေါ်ကြူကြူဝင်းတို့၏ သား ကိုကျော်မြတ်စိုးသည် ၁၉-၅-၂၀၂၂ ရက် ဒေသစံတော်ချိန် ည ၉:၂၀နာရီတွင် ဩစတြေးလျ နိုင်ငံ ဆစ်ဒနီမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ကိုကျော်မြတ်စိုး
### အသက်(၄၇)နှစ်

ဦးစိုးသာ - ဒေါ်ကြူကြူဝင်းတို့၏ သား ကိုကျော်မြတ်စိုးသည် ၁၉-၅-၂၀၂၂ ရက် ဒေသစံတော်ချိန် ည ၉:၂၀နာရီတွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်မျိုးနွယ်၊ ဒေါ်လဲ့လဲ့သိန်း**
**ဒေါ်တင်တင်မြင့်၊ ဒေါ်သွေးသွေးချစ်၊**
**ဒေါ်စိုးဆင့်ဝင်း၊ ဒေါ်ခင်မို့မို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာချို ၁၁/ မပန(နိုင်)၀၉၁ ၈၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉- ၆၇၇၄၈၂၃၈၃**

## အမည်ပြောင်း

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်နေ ဦးမောင်တင်အောင်၏ သမီး စစ်တွေတက္ကသိုလ် ရူပဗေဒဘာသာရပ်မှ နောက်ဆုံးနှစ်ကျောင်းသူ မတင်နှင်းမြိုင် အား မခင်ထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မခင်ထက်ဇော်**

## အမည်ပြောင်း

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်နေ ဦးမောင်တင်အောင် ၏သား မောင်ကျော်ဇင်သူရအား မောင်ကျော်လင်းသူ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်လင်းသူ**

## အမည်ပြောင်း

စစ်တွေမြို့၊ ဘောလုံးကွင်းရက်ကွက်နေ ဦးမောင်တင်အောင် ၏သား မောင်မျိုးဟန်ထက်အောင် အားမောင်မျိုးဟန် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးဟန်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ-၃၀၆၇၃)၊ ဒေါ်စန္ဒာမြင့် ၉/ကဆန(နိုင်)၀၉၃၇၁၇ (ဘ)ဦးမြင့်စိန် အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းဟန် ၈/မလန(နိုင်)၀၀၇၃၈၁ (ဘ)ဦးညိမ်းမောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၀၆/၉-၇-၂၀၂၀) တင်ပြ၍ ဒေါ်လဲ့ရည်နွေး ၇/နတလ(နိုင်)၁၂၉၃၄၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအုန်းသန့်
### (ငွေစာရင်းအရာရှိ အမှတ်-၂) (သတ္တုတွင်း)
### စိန့်ပေါလ်ကျောင်းသားဟောင်း
### (B.Com, CPA, HGP)
### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၄)၊ နန္ဒဝန်လမ်းနေ [ဦးထွန်းစိန်(မော်ကွန်းဝင်အဆင့်-၂)-ဒေါ်ခင်သိန်းနု]တို့၏ သား၊ ဒေါက်တာ ခင်ဥမ္မာ (မျက်စိအထူးကုဆရာဝန်ကြီး-ငြိမ်း)၊ ဒေါက်တာ ခင်စုစု(ပါမောက္ခ-ငြိမ်း)၊ ဒေါက်တာ ခင်မို့မို့ (ကလေးအထူးကု ဆရာဝန်ကြီး)၊ ဒေါက်တာခင်အေးအေးထွန်း(ပါမောက္ခဌာနမှူး-သတ္တဗေဒ)တို့၏အစ်ကိုကြီး၊ ဒေါ်သော်တာခင်(စာရင်းစစ်-ငြိမ်း) ၏ခင်ပွန်း၊ မစိမ့်စိမ့်သူ(ခေတ္တ UAE)၊ မအေးမို့သူ (ခေတ္တ Canada)၊ ကိုထက်ဝေအောင် (KBZ Bank)တို့၏ချစ်လှစွာသောဖခင်သည် ၂၁-၅-၂၀၂၂ရက် နံနက် ၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွေး(ခ)မောင်ထွေး
### စစ်တွေမြို့
### အသက် (၅၅)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အမှတ် (၁၃၇)၊ လမ်းမကြီးလမ်း၊ မောလိပ်ရပ်ကွက်နေ (ဦးအထန်း-ဒေါ်စိန်စိန်)တို့၏သားထွေး၊ ဒေါ်ခင်အေးနု-ဦးမောင်သာဇံ(ဘိုဘိုကားပစ္စည်းဆိုင်)၊ ဦးခင်မောင်ညို-ဒေါ်သန်းနုရီ၊ (ဦးခင်မောင်ညွန့်)-ဒေါ်တင်တင်ဦး၊ ဒေါ်ခင်အေးနွဲ့-ဦးစိုးထွန်း(ကြယ်စုံပွဲရုံ)၊ ဦးခင်မောင်နိုင်-ဒေါ်သန်းသန်းတင်၊ ဒေါ်ခင်အေးညွန့်-ဦးဝင်းနိုင်၊ ဒေါ်ခင်အေးမူတို့၏မောင်၊ တူ/တူမ ၁၄ယောက်တို့၏ဦးလေးသည် ၂၀-၅-၂၀၂၂ရက် (ကြာသပတေးနေ့) ညနေ ၅:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့၊ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော် စည်ပင်ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တင်ဒါခေါ်ဝယ်ယူမည့် Mini Excavator ဆက်စပ်အပိုပစ္စည်း ဝယ်ယူခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၄-၅-၂၀၂၂ရက်
**တင်ဒါပုံစံ ပိတ်မည့်ရက်** - ၈-၆-၂၀၂၂ရက်( ၁၆ : ၀၀)နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း- ၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော် ကောင်စီငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြစ်ငယ်လမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များ အားဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၄-၅-၂၀၂၂ရက်
**တင်ဒါပုံစံ ပိတ်မည့်ရက်** - ၈-၆-၂၀၂၂ရက်( ၁၆ : ၀၀)နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း- ၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/3497 TOYOTA MARK II JZX 110 SALOON (4x2)R) ယာဉ်လက်ဝယ်ရှိသူ ဦးမိုးမင်း ၁၂/သဃက(နိုင်)၁၈၁၂၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၁၅ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/3977 Multi Purpase Vehicle Micro Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဆွေအောင် ၁၃/တကန (ဧည့်) ၀၀၁၉၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဘဝနန်းခွင်စံမြန်းဝင်ခြင်း
### ကျေးဇူးတော်ရှင်ဆရာတော်
### ဘဒ္ဒန္တ နန္ဒမာလာ
### သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ

ဒေးဒရဲမြို့၊ ညောင်ပင်ကုန်းကျေးရွာနေ ခမည်းတော် ဦးဆေးစိန်-မယ်တော် ဒေါ်တုတ်တို့၏ ပဉ္စမမြောက်သားတော်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်လုံးဆိုင်ရာ ရဟန်းပျို အဖွဲ့ချုပ်ကြီး၏(ဥက္ကဋ္ဌ) ဘဒ္ဒန္တဇောတလင်္ကာရ(မန္တလေးမြို့၊ စကုတိုက်)စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်း ဂိုဏ်းကြီး၏ ဂဏာဓိပတိဆရာတော် ဘဒ္ဒန္တအာသဘာဘိလင်္ကာရ(နိုင်ငံတော် ဩဝါဒါစရိယ)ဆရာတော်ကြီးတို့၏ မြေးတော်၊ စတုဘုမ္မိကနိကာယ၊ ဂဏနာယက(ငှက်တွင်း) ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ နိပုဏာလင်္ကာရ၏တူတော်၊ ဘဒ္ဒန္တ ပညာဇောတ၊ ဘဒ္ဒန္တ ဂုဏကိတ္တိ(Dip, B.A. INDO- Aryan)ဘာသန္တရဆေက-ဓမ္မာစရိယ)တို့၏ မြတ်နှောင်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဥတ္တမံကျေးရွာ စတုဘုမ္မိကကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တ တိလောကသာရ၏ ဆရာတစ်ဆူဖြစ်တော်မူသော ပုသိမ်မြို့၊ သစ္စာလမ်း၊ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ နန္ဒမာလာ(စတုဘုမ္မိကနိကာယ၊ ဂဏနာယက(ငှက်တွင်း) ဧရာဝတီတိုင်း အကျိုးတော်ဆောင် )ဆရာတော် ကြီးသည် ၂၀-၅-၂၀၂၂ ရက်(ကြာသပတေးနေ့) နံနက် ၇:၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ၂၆-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အန္တိမ အဂ္ဂိစျာပနသဘင်ဆင်ယင်ပူဇော်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာဆရာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။

ဆရာတော်ကြီး၏ဆွေမျိုးသားချင်းများ

## ဦးဂွမ်ရှင်(ပုလော/ရှပ်ပုံရွာ)
### အသက်(၉၀)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ရှပ်ပုံရွာနေ(ဦးပျော်ယာ-ဒေါ်ယိမ်း)တို့၏သား၊ (ဦးဆင်ဂွမ်-ဒေါ်လုရွှေ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃) ရပ်ကွက်၊ သခင်ဖိုးလကြီးလမ်း၊ အမှတ် ၇၈၅နေ ဒေါ်ရှုကြည် ၏ခင်ပွန်း၊ ဦးအောင်စီ၊ ဒေါ်မြကြူ၊ ဦးအောင်နိုင်-ဒေါ်ရီရီသန်း၊ ဦးအင်စီ-ဒေါ်ကြည်ကြည်ဌေး၊ ဒေါ်တင်တင်နု၊ ဒေါ်တင်တင်မော် တို့၏ ဖခင်၊မြေး ၁၄ယောက်တို့၏ အဘိုး၊ မြစ် ၁၂ယောက်တို့၏ အဘေးသည် ၂၀-၅-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၂ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီး ညွှန့်ဝေ (ငြိမ်း)
### ကြည်း - ၂၀၇၈၃ စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)
### အသက် (၅၇)နှစ်

မွန်ပြည်နယ်၊ ကျိုက်ခမီမြို့နေ (ဦးမောင်နီ-ဒေါ်စောရီ)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးသိန်းမြင့်-ဒေါ်တင်တင်အေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဂွယ်လမ်း၊ အမှတ်(၉) ပ-ထပ်နေ ဒေါ်ဌေးဌေးဝင်း (ဦးစီးအရာရှိ-ငြိမ်း၊ သမဦးစီးဌာန၊ ခရမ်းမြို့)၏ ချစ်လှစွာသော ခင်ပွန်း၊ မဖူးမြတ်သွယ်၏ဖခင်သည် ၂၁-၅-၂၀၂၂ ရက်(သောကြာနေ့) ည ၇:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၂ ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### သစ်အခြေခံစက်မှုလုပ်ငန်းဌာန
### ပြုပြင်သုံးစွဲရန်မသင့်တော့သည့် သုံးစွဲပြီး၊ အသုံးမလို၊ ပိုလျှံစက်ပစ္စည်းနှင့် သံထည်ပစ္စည်းဟောင်း (၁၅၆)မျိုးအား အိတ်ပိတ်တင်ဒါဖြင့် ရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ဇုန်ရှိ အမှတ် (၁/၂/၃) ပရိဘောဂ စက်ရုံများနှင့် အမှတ်(၁) ပုံဖော်စက်ရုံရှိ ပြုပြင်သုံးစွဲရန်မသင့်တော့သည့် သုံးစွဲပြီး၊ အသုံးမလို၊ ပိုလျှံစက်ပစ္စည်းနှင့် သံထည်ပစ္စည်းဟောင်း (၁၅၆)မျိုးအား အိတ်ပိတ်တင်ဒါဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ **တင်ဒါစည်းကမ်းချက်၊ ဈေးနှုန်း** - ၂၆-၅-၂၀၂၂ရက်မှ
**တင်သွင်းလွှာနှင့် လပ်ပုံစာရင်းများ** ၁၅-၆-၂၀၂၂ရက်ထိ
**ရောင်းချမည့်ရက်၊ အချိန်နှင့်နေရာ** **အမှတ်(၁/၂/၃)**ပရိဘောဂစက်ရုံများနှင့် အမှတ်(၁)ပုံဖော်စက်ရုံ၊ သန်လျင်ဇုန်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ရုံးချိန်အတွင်း)

၃။ **အိတ်ပိတ်တင်ဒါဖွင့်မည့်ရက်** - ၁၆-၆-၂၀၂၂ရက်

၄။ တင်ဒါအောင်မြင်သူများစာရင်းကို အပိုဒ် (၁)ပါ စက်ရုံများတွင် ကြေညာသွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၇၇၄၆၉၁၁၉၊ ၀၉-၄၃၁၂၂၈၁၁၊ ၀၉-၂၅၀၀၇၃၃၁၅၊ ၀၉-၄၂၀၁၇၈၇၂၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ပိတ်တင်ဒါရောင်းချရေးအဖွဲ့**

## အမည်ပြောင်း

ဦးအောင်ကျော်လင်း ၁၁/စတန(နိုင်) ၀၆၈၀၁၀၏သမီး၊ အထက (၁)စစ်တွေ၊ အဋ္ဌမတန်းမှ မခိုင်ဝေလင်းအား မအေးသန္တာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မအေးသန္တာထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၅-၂၀၂၂ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် ဦးအောင်မင်းကြည် ၁၃/ လကန(နိုင်)၀၇၃၅၀၅ အစား ၁၃/လလန(နိုင်) ၀၇၃၅၀၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/9870 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေယံစိုး ၉/ကပတ(နိုင်)၂၇၃၆၄၉၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၃၂၈၃၄၅**

## သွေးသည် အသက်

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဦးဂွမ်ရှင်(ပုလော/ရှပ်ပုံရွာ)
### သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
### အသင်းဝင်အမှတ်-၁၅၆၁
### အသက် (၉၀)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃) ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၇၈၅နေ ဒေါ်ရှုကြည် ၏ခင်ပွန်းသည် ၂၀-၅-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၂ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

အသင်းမှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။

အမှုဆောင်အဖွဲ့

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဒါးသွေးကျောက်ကျေးရွာနေ ဦးကျော်လွင် ၏သမီး မဝင်းပပလှိုင်၏အမည်မှန်မှာ မပပလှိုင် ၇/သကန(နိုင်)၁၄၁၇၈၆ဖြစ်ပါကြောင်း။ **မပပလှိုင်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဒါးသွေးကျောက်ကျေးရွာနေ ဦးကျော်လွင် ၏သမီး မပပလှိုင် ၇/သကန(နိုင်) ၁၄၁၇၈၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၂၀၀၃ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/8321, Nissan Cabster JN 1SF4F Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၈/မမန(နိုင်) ၀၄၁၇၈၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/ 1982, Toyota Hilux Vigo P/U R EXTRA CAP ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သစ္စာ ၁၂/မဂဒ(နိုင်) ၀၉၅၉၄၇က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5844 MAZDA DEMIO DY3W Hatch Back (4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ထွေး ၁၄/ညတန(နိုင်)၁၈၀၅၈၆ က(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်မြို့နယ်**

# မြန်မာ့စီးပွားရေးဘဏ်က အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် အများပြည်သူတို့၏ အပ်နှံငွေများကို လက်ခံဆောင်ရွက်ပေးခြင်း၊ အစိုးရဌာနများအားလုံး၏ ငွေစာရင်းများ ထိန်းသိမ်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေများထုတ်ပေးခြင်း၊ အငြိမ်းစားလစာငွေများ တာဝန်ယူထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အငြိမ်းစားလစာငွေများကို E-Pension ကတ်အသုံးပြု၍ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ATM ကတ်အသုံးပြု၍လည်းကောင်း၊ Mobile Internet အသုံးပြုဆောင်ရွက်သည့် Myanmar Mobile Money (MMM), MPT Pay, Mytel Pay များ အသုံးပြု၍ မိမိတို့နှင့်နီးစပ်ရာ Mobile Agents များထံတွင် လည်းကောင်း၊ အငြိမ်းစားလစာများ လစဉ်ထုတ်ယူရန် သတ်မှတ်ထားသည့် ၂၁ ရက်နေ့မှစ၍ ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း အငြိမ်းစားလစာငွေများကို အဆင်ပြေချောမွေ့စွာ

စာမျက်နှာ ၈ ကော်လံ ၁ ◆



မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေများ ထုတ်ပေးနေမှုကို တွေ့ရစဉ်။

## လေဖိအားနည်းရပ်ဝန်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၂၁**

ယနေ့ မွန်းလွဲ တစ်နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် မေ ၂၂ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၈ ဦး တွေ့ရှိ

**(၂၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၃၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၀၈,၈၃၅) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၂၁၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၆၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ✻

## ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာအသင်း ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၁**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၁ ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာရှဘောလုံးအဖွဲ့ချုပ်သည် အုပ်စုလက်ကျန်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်းပုံစံ မကျင်းပတော့ဘဲ အုပ်စုတစ်ခုချင်းစီကို အိမ်ရှင်နိုင်ငံတစ်နိုင်ငံ ရွေးချယ်ကာ ပြုလုပ်မည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု (F) ပွဲစဉ်များကို ဂျပန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲသုံးပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မေ ၂၈ ရက်တွင် ဂျပန်အသင်း၊ ဇွန် ၁၁ ရက်တွင် ကာဂျစ္စတန်အသင်း၊ ဇွန် ၁၅ ရက်တွင် တာဂျစ်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု (F)တွင် ဂျပန်အသင်းက ငါးပွဲကစား ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး တာဂျစ်ကစ္စတန်အသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ ကာဂျစ္စတန်အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ မြန်မာအသင်းက ငါးပွဲကစား ခြောက်မှတ်၊ မွန်ဂိုလီးယားအသင်းက ခုနစ်ပွဲကစား သုံးမှတ် ရရှိထားသည်။ မြန်မာအသင်းသည် ယှဉ်ပြိုင်ကစားပြီးသည့် ငါးပွဲတွင် နှစ်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် ပထမသုံးပွဲတွင်

စာမျက်နှာ ၅ ကော်လံ ၅ ○

## ချန်ပီယံရှစ်ရှုံးထွက် (ဆီမီးဖိုင်နယ်) ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

ချန်ပီယံရှစ်ရှုံးထွက် (ဆီမီးဖိုင်နယ်) ဒုတိယအကျော့ ပွဲစဉ်အဖြစ် ဘရန့်ဖို့ဒ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ပွဲစဉ်ကို မေ ၂၂ ရက် **(ယနေ့)** ည ၆ နာရီတွင် ဘရန့်ဖို့ဒ် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ နှစ်သင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ ဘုန်းမောက်အိမ်ကွင်းတွင် ဘုန်းမောက်အသင်းက ပွဲချိန် ၅၅ မိနစ်တွင် ရရှိခဲ့သော ဒန်ဂျူမာ၏ တစ်လုံးတည်းသောဂိုးဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ ✪




## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တမူးမြို့နယ်၊ ကောလင်းမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

စာမျက်နှာ - ၁၅

ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး ရှင်းလင်းတင်ပြ

စာမျက်နှာ - ၈

အာရှပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပိုမိုတိုးလာ

စာမျက်နှာ - ၁၃